ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့၊ ကြာသပတေးနေ့၊ (1-7-2004) (၄၂၈)

မာတာပိတု ဥပဋ္ဌာနံ၊ တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr. Jan Axel Nordlander အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး Mr. Jan Axel Nordlander အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၃၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၁-၇-၂၀၀၄
(ကြာသပတေးနေ့)

မြို့ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု စွမ်းအား၊ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာမှု စွမ်းအား၊ အရည်အသွေးမြင့်မားသောလူ့စွမ်းအားအရင်းအမြစ်စွမ်းအား၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ထားနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ တည်ဆောက်ခြင်းဖြင့် စည်းလုံးညီညွတ်ခိုင်မာတောင့်တင်းသော ပြည်ထောင်စုကြီးအဖြစ် ခံ့ညားထည်ဝါစွာ ထာဝရရပ်တည်နိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အရှိန်အဟုန်မြင့် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်၏ အခြေခံအကျဆုံး ဒေသများဖြစ်သည့် မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြန့်ကြက်တာဝန်ယူနေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်းမှုများသည် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇွန်လ ၂၉ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေး အဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် စည်ပင်သာယာရေးအရာရှိများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် အလေးဂရုပြုထားရှိရမည့် သဘောထားနှင့်စပ်လျဉ်း၍ **မိမိမြို့ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေး အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရအောင် မိမိတို့၏ ဌာနဆိုင်ရာတာဝန်များကို အမျိုးသားရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုတာဝန်များအဖြစ် ခံယူပြီး စိတ်ကောင်းစေတနာမွန်တို့ဖြင့် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

မြို့ပြနှင့်ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုကြီး တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်ရာ မြို့ရွာများ သန့်ရှင်းသပ်ရပ်သာယာစေရေး၊ ခရီးလမ်းပန်း ဆက်သွယ်မှု လွယ်ကူစေရေး၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုစိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်ရေးလုပ်ငန်းများကို နယ်မြေဒေသအလိုက် စနစ်တကျ စီမံချမှတ် လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးဦးစီးဌာနက ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိရာ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်းတွင် ကျေးလက်လမ်းမိုင် ၁၂၄၀ ကျော်နှင့် ကျေးလက်တံတား ၂၀၆စင်းတို့ကို တည်ဆောက်ပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ လိုအပ်ချက်တစ်ခုဖြစ်သည့် ကျေးလက်ရေရရှိရေး ဖြည့်ဆည်းပေးလျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ ၉၆၄ရွာနှင့် အခြားပြည်နယ်နှင့် တိုင်းများမှ ကျေးရွာ ၈၇၅ရွာ၊ စုစုပေါင်း ကျေးရွာ ၁၈၃၉ရွာတွင် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုအခါ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံတော်၏ ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ ထည့်ဝင်ငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် အင်တိုက်အားတိုက် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိရာ ကျေးရွာပေါင်း ၁၀၆၀၂ရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းပေါင်း ၁၅၇၁၅ခုကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိမြို့ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေး၊ ပြည်သူများ၏ လိုအပ်ချက်များကို သိမြင်ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် စိတ်ကောင်းစေတနာမွန်ဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇွန် ၃၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr.Jan Axel Nordlander အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

အမှိုက်သိမ်း လက်တွန်းလှည်းများလှူဒါန်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ယမန်နေ့ နေ့လယ်က မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ကိုရီးယား သမ္မတနိုင်ငံ ORBIT Co., Ltd က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ အမှိုက်သိမ်း လက်တွန်းလှည်းများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

လှူဒါန်းပွဲအခမ်းအနားတွင် ORBIT Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ Mr.Hyun Bu Houn က ကျပ် ၂၄ သိန်းတန်ဖိုးရှိ အမှိုက်သိမ်း လက်တွန်းလှည်း အစီး ၃၀နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က လက်ခံကြသည်။ **(အပေါ်ပုံ)** (၁၉)

(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ
စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေး
မြန်မာနိုင်ငံ၊ ရန်ကုန်မြို့
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိ

မျက်တောင်စိမ်း

* မီးပွိုင့်စိမ်းရောင်၊ နီအုံ့ဆောင်သော်
မျက်တောင်စိမ်းခတ်၊ စက်ရှိန်သပ်၍
ကားရပ်ဖို့ရေး၊ သတိပေးသည်
မီးလေးမကြာမီ နီတော့မည်။
ယာဉ်အန္တရာယ် ဝေးစေရည်။

* မီးနီကိုဖြတ်၊ ကားမရပ်လျှင်
တိုက်တတ်ခိုက်တတ်၊ ပျက်စီးတတ်၏
ရပ်သင့်သည့်ခိုက်၊ မရပ်လိုက်လျှင်
မိုက်မဲရာရောက်၊ စည်းကမ်းဖောက်မို့
တောက်လျှောက်အရေးယူရသေး။
သတိကိုယ်စီ ထားနိုင်ရေး။
မျက်တောင်စိမ်းလေး ခတ်လို့ပေး။

* သည်ဥပမာ၊ ဆင်ခြင်ပါလေ့
သူ ငါအတွက်၊ အကျိုးပျက်အောင်
လက်ဖက်ရည်ဆိုင်၊ ထိုင်၍ဖြစ်စေ
လူတွေစုဝေး၊ မုန့်ကျွေး၍ဖြစ်စေ
ရေဒီယိုမှတစ်ဆင့်၊ အသံလွှင့်၍ဖြစ်စေ
စေတနာမဟုတ်၊ ဝေဒနာနှုတ်မှ
မဟုတ်တာကြံ၊ မမှန်တာပြော
သဘောကောက်ကွေ့၊ မိစ္ဆာလေ့သော်
တစ်နေ့ကိုယ့်ကံ၊ ကိုယ်သာခံရ
တန်ပြန်အကျိုး၊ ပေးတတ်ရိုးကို
မိုးမချုပ်မီ၊ သိသင့်သည်မို့
ဝါနီအရောင်၊ လာမည်နောင်....ဟု
မျက်တောင်စိမ်းခတ်၊ သတိပေးအပ်သည်
ဖိနပ်တန်းထိ လိုက်မလာ။
ရပ်တန်းမှာပဲ ရပ်လိုက်ပါ။
အားလုံးအတွက် စေတနာ။ ။

မြင်းမူမောင်နိုင်မိုး

❒ **ပို့ကုန်တိုးမြှင့်ရေးမှ**

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် လယ်ယာထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ညှိနှိုင်းကြမည့် အစည်းအဝေးဖြစ်ကြောင်း။

ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပပို့ကုန်လုပ်ငန်းရှင်များက လိုလားကြသလို နိုင်ငံတော်အစိုးရကလည်း လိုလားကြောင်း။

စီးပွားရေးမူဝါဒ

နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးမူဝါဒများတွင် ပြည်ပပို့ကုန် တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချရေးနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးသည် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ကြောင်း။

ပြည်တွင်းတွင် အသုံးပြုနိုင်သည့်အပြင် ပြည်ပသို့ တင်ပို့နိုင်သော ပို့ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒတစ်ရပ်အဖြစ် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ခြုံငုံ၍ပြောရလျှင် မြန်မာ့စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ပို့ကုန်တိုးမြှင့်ရေး အထောက်အကူပြုမည့် ထုတ်ကုန်များ ကဏ္ဍစုံတွင် တိုးတက်ထုတ်လုပ်ရေးနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့အတွက် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ပိုမိုတိုးတက်

ယနေ့နိုင်ငံတော်၏ အခြေအနေကို လေ့လာဆန်းစစ်ကြည့်လျှင် မိမိတို့စတင်တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ် အခြေအနေထက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည်ကို မည်သူမျှမငြင်းနိုင်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး စီးပွားရေး ပိုမိုတိုးတက် ခိုင်မာလာသလို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများလည်း အသီးသီးပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်ကြောင်း။

ယင်းသို့ နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် အခြေခံကောင်းများ ဖြစ်ထွန်းနေခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အမြဲထာဝရ စိတ်ပါဝင်စားစွာ ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးနေသည်ကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် ပြည်ပပို့ကုန် တိုးတက်မြင့်မားရေး ရည်ရွယ်ချက်ဖြင့် ပို့ကုန်သွင်းကုန် အခြေအနေများ၊ ပို့ကုန်ထုတ်လုပ်မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များ ပြုပြင်စီမံဆောင်ရွက်သွားရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ကြောင်း။

နိုင်ငံခြား ကုန်သွယ်မှုအခြေအနေကို ပြန်ကြည့်လျှင် တိုးတက်မှုရှိသော်လည်း စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ပါက ယခုထက် များစွာတိုးတက်လာမည် ဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်ပပို့ကုန် တိုးမြှင့်ပေးပို့နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရမည့် အခြေအနေဖြစ်နေကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကဲ့သို့သော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအဖို့ ပြည်ပပို့ကုန်မြင့်မားရေးတွင် လယ်ယာထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ရေးသည် အဓိကပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးတွင် ပို့ကုန်တိုးမြှင့်ရေးသည် ပဓာနကျသကဲ့သို့ အဓိကပို့ကုန်ဖြစ်သည့် လယ်ယာကိုင်းကျွန်းသီးနှံများ အားစိုက်တိုးတက်ထုတ်လုပ်ပြီး အခြားသော စီးပွားရေး အထောက်အကူပြု ထုတ်လုပ်ရေးကဏ္ဍများဖြစ်သည့် ရေလုပ်ငန်း၊ သစ်တော၊ သတ္တုနှင့် ကျောက်မျက်ကဏ္ဍများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ထုတ်လုပ်သွားကြရန်လိုကြောင်း။

သို့ရာတွင် ပြည်ပပို့ကုန်အရှိန်အဟုန်ဖြင့် တိုးမြှင့်နိုင်ရေးတွင် လယ်ယာကိုင်းကျွန်းသီးနှံများကို အဓိကတိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် အရေးကြီးကြောင်း။

သို့ဖြစ်၍ ဆန်စပါးအပါအဝင် လယ်ယာကိုင်းကျွန်းသီးနှံများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်အပိုင်းက စိုက်ပျိုးမြေ၊ စိုက်ပျိုးရေးနည်းပညာများကအစ အဘက်ဘက်က အားပေးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

အသင့်ရှိ

ထုတ်လုပ်မှုနှင့် အလားတူ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း လုပ်ငန်းရှင်များ အခက်အခဲမတွေ့စေရန် နိုင်ငံတော်အပိုင်းက ကူညီပံ့ပိုးပေးသွားရန် အသင့်ရှိကြောင်း။

ထို့ကြောင့် လယ်ယာထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပို့ကုန်လုပ်ငန်းများ မြှင့်တင်ရေးတို့အတွက် ပွင့်လင်းစွာ အကြံပြုတင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပို့ကုန်ပစ္စည်းပိုမိုတင်ပို့နိုင်ရေး၊ ဈေးကွက်ရရှိရေး၊ မှန်ကန်သည့်လမ်းကြောင်းမှ တင်ပို့ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပဲမျိုးစုံ၊ သီဟိုဠ်စေ့၊ ငရုတ်ကောင်း၊ သရက်သီးတို့ ပြည်ပသို့ တင်ပို့နိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် ပို့ကုန်နှင့် သွင်းကုန်မူဝါဒဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ နနွင်းနှင့် ချင်းတို့ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့နိုင်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ၂၀၀၃-၂၀၀၄ခုနှစ်တွင် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော စပါးနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးမှု၊ ပဲမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးမှု၊ စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူစသည့်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး၊ မြေနေရာချထားမှု၊ မြေယာဖော်ထုတ်မှု၊ တောင်သူများအား ပညာပေးဆောင်ရွက်မှု စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ပို့ကုန်တင်ပို့သူများက လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်ပစ္စည်းများ ပိုမိုထွက်ရှိရေးနှင့် ပို့ကုန်လုပ်ငန်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ပြည်ပပို့ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

အထူးသဖြင့် လုပ်ငန်းရှင်များက အမှန်တကယ် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအား ကူညီပံ့ပိုးဆောင်ရွက်ကြရန်လိုကြောင်း။

စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များကလည်း အဓိကသီးနှံများ ရောဈေးကွက်ဝင်သီးနှံများပါ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စိုက်ပျိုးကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရဌာနဆိုင်ရာများကလည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေးနည်းပညာ စသည့်ပံ့ပိုးမှုများ ကူညီပံ့ပိုးပေးမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်မူဝါဒများချမှတ်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံက စဉ်းစားသုံးသပ်ပြီး မိမိပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းနိုင်ဆုံး မူဝါဒများကို ဆုံးဖြတ်ချမှတ်ရကြောင်း။

သို့ဖြစ်၍ လုပ်ငန်းရှင်များက နိုင်ငံတော်၏ မူဝါဒဘောင်အတွင်း မိမိတို့အတွက်ရော ပြည်သူအများနှင့် နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေရအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အကျိုးကို လိုလားကြောင်း၊ လုပ်ငန်းရှင်များအပါအဝင် ပြည်သူများ၏အကျိုးကို ရှေးရှုပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းစီမံ ဆောင်ရွက်လျက်ရှိကြောင်း။

စေတနာရှေ့ထား

သို့ဖြစ်၍ တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း မိမိတို့၏ လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် နိုင်ငံတော်၏ မျှော်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်နိုင်ရေးအတွက် စေတနာရှေ့ထားပြီး ကြိုးစားလုပ်ဆောင်ကြရန် လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းအလိုက် စုစည်းညီညွတ်သည့် အသင်းများ ဖွဲ့စည်းပြီး စည်းလုံးညီညွတ်စွာဖြင့် ပို့ကုန်များ တိုးတက်ထုတ်လုပ်နိုင်စေရအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြည်သူအများမျှော်မှန်းသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာမှာ ဖြစ်ကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဓာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၃၀

၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သပြေနု၏ ဝတ္ထုဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်မည့် "ရွှေဝတ်မှုန် ထုံကာသင်းလေပြီ" ဇာတ်လမ်းပမာကိုဇူလိုင် ၁ရက်(ကြာသပတေးနေ့) ည ၇နာရီ ၁၅မိနစ်နှင့် ဇူလိုင် ၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂နာရီခွဲတို့တွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းပမာတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဆွေဇင်ထိုက်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ်၊ ဇူလိုင်လ (၃)ရက်

မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN'S DAY

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစိုက်ပျိုး

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ဇွန် ၃၀ရက်က ကျင်းပစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၀-၆-၂၀၀၄)

မောင်တော	–	**၄ ဒသမ ၃၃ လက်မ**
ကိုကိုးကျွန်း	–	**၃ ဒသမ ၉၀ လက်မ**
ကော့သောင်း	–	**၂ ဒသမ ၂၄ လက်မ**
စစ်တွေ	–	**၁ ဒသမ ၈၉ လက်မ**
ဘားအံ	–	**၁ ဒသမ ၃၄ လက်မ**
သထုံ	–	**၁ ဒသမ ၃၄ လက်မ**

ရန်ကုန်မိုးရေချိန်

(၃၀-၆-၂၀၀၄)

ကမ္ဘာအေး	–	**၀ ဒသမ ၅၅ လက်မ**
မင်္ဂလာဒုံ	–	**၀ ဒသမ ၀၈ လက်မ**
ရန်ကုန်မြို့လယ်	–	**၀ ဒသမ ၀၈ လက်မ**

အစည်းအဝေးတက်ရောက်ရန် မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၃၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် 2nd Meeting of East Asia Business Council (EABC)အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးအေးလွင်သည် ယနေ့နံနက် ၁၀နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အီရတ်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၌ ပါဝင်မည် မဟုတ်ကြောင်း ရုရှားပြောဆို

အစ္စတန်ဘူလ် ဇွန် ၂၉

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ဖြန့်ကြက်ရာ၌ ရုရှားတပ်ဖွဲ့များ ပါဝင်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က တနင်္လာနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လိုလား

အီရတ်သို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ စေလွှတ်ရန် ရုရှားနိုင်ငံအနေဖြင့် ခြွင်းချက်တစ်စုံတစ်ရာ ထားရှိလိမ့်မည်မဟုတ်ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)-ရုရှား ကောင်စီအစည်းအဝေးအပြီးတွင် လက်ဗ်ရော့က ပြောကြားသည်။ ရုရှားနိုင်ငံသည် အီရတ်နိုင်ငံသို့ အရပ်ဘက်ဆိုင်ရာ အကူအညီပေးမှု ပြုလုပ်ရန်သာ ပိုမိုလိုလားကြောင်း ၎င်းက ပြောကြားသည်။

ဆွေးနွေးနေခြင်းမရှိ

ရုရှားနိုင်ငံနှင့် အီရတ်နိုင်ငံတို့အကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေးကိစ္စကို ဆွေးနွေးနေခြင်း မရှိကြောင်း လက်ဗ်ရော့က ပြောကြားသည်။

စီးပွားရေးပူးပေါင်းမှု

သို့ရာတွင် ရုရှားနှင့် အီရတ်နိုင်ငံတို့အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိကြောင်း၊ အီရတ်နိုင်ငံ၏ အမျိုးသားစီးပွားရေး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်နိုင်ရေးအတွက် စီးပွားရေးပူးပေါင်းမှု ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အန္တရာယ်ကြီးမား

အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားမည့် နိုင်ငံစုံတပ်ဖွဲ့၏ ရပ်တည်ချက်နှင့် ပတ်သက်၍ သဘောတူညီချက် တစ်စုံတစ်ရာ မရှိခြင်းသည် အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာ လွှဲပြောင်းပြီးချိန် နောက်ပိုင်း လိုအပ်လာမည့် လုံခြုံရေးလစ်ဟာမှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ဘေးအန္တရာယ် ကြီးမားစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

လိုအပ်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ နိုင်ငံစုံတပ်ဖွဲ့သည် လုံခြုံရေးအတွက် တာဝန်ယူရန်ဖြစ်ပြီး အီရတ်အစိုးရအဖွဲ့နှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံစုံတပ်ဖွဲ့၏ လှုပ်ရှားမှုများအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အီရတ်အစိုးရအဖွဲ့ အနေဖြင့် ပြောရေးဆိုခွင့်ရှိရန် လိုအပ်ကြောင်း ရုရှားဝန်ကြီးက ပြောကြားသည်။

အင်တာနက်။

ကင်းလှည့်

ဇွန် ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် နေတိုးတပ်ချထားရေးကိစ္စ ပြင်သစ်သမ္မတ ဂျက်ရှီရတ် ဆန့်ကျင်

အစ္စတန်ဘူလ် ဇွန် ၂၉

နေတိုးအဖွဲ့ဝင် နိုင်ငံများသည် အီရတ်အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့များကို လေ့ကျင့်ပေးရာ၌ အကူအညီပေးသွားရန် သဘောတူညီခဲ့ကြသည်။

ဆန့်ကျင်

သို့ရာတွင် နေတိုးအနေဖြင့် အီရတ်အရေးကိစ္စများတွင် ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ပါဝင်ဆောင်ရွက်သွားရေးကိစ္စကို မိမိအနေဖြင့် ဆန့်ကျင်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရတ်က တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ နေတိုးစစ်စာချုပ်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံ ပါဝင်သည်။

လိုအပ်မည်မထင်

အစ္စတန်ဘူလ်မြို့ နေတိုးထိပ်သီးအဖွဲ့ အစည်းအဝေးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာ၌ အီရတ်ဆိုင်ရာကိစ္စများ၌ နေတိုးအဖွဲ့က ကြားဝင်၍ ဆောင်ရွက်ရန် လိုအပ်မည် မထင်ကြောင်း ပြင်သစ်သမ္မတက ပြောကြားသွားသည်။

အံ့မဝင်

အီရတ်နိုင်ငံတွင် နေတိုးတပ်ဖွဲ့များသည် ပြုရိုးပြုစဉ်အတိုင်း သွားရောက်ချထားစရာ မလိုပဲဟု မိမိယူဆသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မိမိတို့နေတိုးအဖွဲ့ ခေါင်းဆောင်များ မူလက သဘောတူညီခဲ့ကြသော ဆုံးဖြတ်ချက်နှင့် အံ့မဝင်ဘဲ ဖြစ်နေသည်ဟု ပြင်သစ်သမ္မတက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့လယ်တွင် ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၉

ဘဂ္ဂဒက်မြို့လယ်ရှိ အဆောက်အအုံများမှာ တနင်္ဂနွေနေ့က ပြင်းထန်သည့် ပေါက်ကွဲမှုကြောင့် တုန်ခါသွားပြီး မီးခိုးလုံးကြီးများ မိုးပေါ်မြင့်တက်လာပုံကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်ဖြစ်သည့် အစိမ်းရောင်ဒေသမှပင် တွေ့မြင်နိုင်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မည်သည့်အတွက်ကြောင့် ပေါက်ကွဲမှု ဖြစ်ရပုံနှင့် ယင်းကြောင့် အသေအပျောက်နှင့် ထိခိုက်ဆုံးရှုံးမှု ရှိ၊မရှိနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အမေရိကန်စစ်ဘက်က ယင်းပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက် မရရှိသေးကြောင်း ပြောကြားသည်။

တိုက်ခိုက်လေ့ရှိ

ပြောက်ကျားများက အစိမ်းရောင်ဒေသအား စိန်ပြောင်းများဖြင့် ပုံမှန်ပစ်ခတ်တိုက်ခိုက်လေ့ရှိသည်။ အစိမ်းရောင်ဒေသသည် ခံတပ်ဖြင့် ပြုလုပ်ထားသည့် ခြံဝင်းကြီးဖြစ်ပြီး တိုက်ဂရစ်မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိကာ ပစ်ခတ်မှုကြောင့် အပေါ်ယံပျက်စီးနိုင်သည့် အခြေအနေမှလွဲ၍ တစ်စုံတစ်ရာ ကြီးကြီးမားမား ထိခိုက်နိုင်ခြင်း မရှိပေ။

မြင့်မားလာနိုင်

အီရတ်ကြားဖြတ်အစိုးရ အဖွဲ့အား အာဏာလွှဲပြောင်းပေးခါနီး ပြောက်ကျားများ၏ တိုက်ခိုက်မှု အရှိန်မြင့်မားလာနိုင်ဖွယ်ရှိကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။ ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှုနှစ်ခု စနေနေ့က ဖြစ်ပွားရာ လူ ၄၀ ဦး သေဆုံးသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်ကလည်း မြို့ငါးမြို့တွင် ပေါက်ကွဲ မှုများ အစီအရီဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံသား ၁၀၀ ကျော်နှင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးတို့ သေဆုံးခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်အရေးယူမှုကို ဆီးရီးယား တုံ့ပြန်မည်

ဒမတ်စကတ် ဇွန် ၂၉

လွန်ခဲ့သည့်လက ဆီးရီးယားနိုင်ငံအား အမေရိကန်၏ အရေးယူမှုများကို တုံ့ပြန်သည့် အနေဖြင့် အမေရိကန် ကုမ္ပဏီများနှင့် ကုန်သွယ်ရေး သဘောတူညီချက်များအား ဥပဒေမူကြမ်း ရေးဆွဲရေးအတွက် ဆီးရီးယားပါလီမန် အမတ်များသည် အချေအတင် ဆွေးနွေးမှုများကို စတင်ပြုလုပ်လျက်ရှိကြသည်။

ဆီးရီးယားနိုင်ငံအပေါ် အမေရိကန်၏ တရားမျှတမှု မရှိသည့် မူဝါဒများကြောင့် အမေရိကန် ကုန်ပစ္စည်းများကို သပိတ်မှောက်၍ အာရပ်ပြည်သူများက လက်တုံ့ပြန်ရန်အတွက် ယခုကဲ့သို့ ဆီးရီးယားက ကနဦးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆီးရီးယားပါလီမန် အမတ်တစ်ဦးဖြစ်သူ အင်မန်အဘတ်စ်က ပြောကြားသည်။ ၎င်းသည် ဆီးရီးယားပါလီမန်သို့ ဥပဒေမူကြမ်း တင်ပြရာတွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

တစ်သီးပုဂ္ဂလ ပါလီမန်အမတ်တစ်ဦးဖြစ်သူ မိုဟာမက်ရက်မင်က တင်ပြသည့်ဥပဒေမူကြမ်းကို ပါလီမန်အမတ်နေရာ ၂၅၀ ရှိသည့် ပါလီမန်တွင် အမတ် ၂၇ ဦးက လက်မှတ်ရေးထိုးထားသည်။

ဆီးရီးယားပြည်သူများကို အမေရိကန်က လေးစားသမှု မပြုသည့်အတွက် ယခုကဲ့သို့ ဥပဒေမူကြမ်းကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

အင်တာနက်။

လုံခြုံရေးစောင့်ကြပ်

ဇွန် ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တပ်ဖွဲ့ နောက်ဆုံးအသုတ် ဌာနေသို့ ပြန်ရောက်ပြီ

မဒရစ် ဇွန် ၂၉

အီရတ်နိုင်ငံမှ နောက်ဆုံးအသုတ်အဖြစ် ပြန်လည်ရုပ်သိမ်းလာသော စပိန်တပ်ဖွဲ့ဝင် ၁၄၀ တို့သည် ပြီးခဲ့သော တနင်္ဂနွေနေ့တွင် စင်းလုံးငှား ဘိုးရင်း-၇၆၇ ဂျမ်ဘိုဂျက်လေယာဉ်ကြီးဖြင့် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။

ပြန်လည်ရုပ်သိမ်း

အီရတ်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့တွင် ပူးပေါင်းပါဝင်မှုအဖြစ် စပိန်နိုင်ငံသည် ၎င်း၏တပ်ဖွဲ့ဝင် ၁၃၀၀ တို့ကို တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့သည်။ ထိုစေလွှတ်ထားသော တပ်ဖွဲ့ဝင်များအားလုံးကို စပိန်အစိုးရက ရွေးကောက်ပွဲ ပြီးပြီးချင်း ပြန်လည်ရုပ်သိမ်းခဲ့သည်။

ကြိုဆို

ပြည်တော်ပြန်လာသော စပိန်တပ်ဖွဲ့ဝင်များကို ဇာရာဂိုဇာလေဆိပ်တွင် စပိန်စစ်ဦးစီးချုပ် ဂျူဆေးအန်တိုနီယိုဂါစီယာက တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့်အတူ သွားရောက်ကြိုဆိုခဲ့ကြသည်။ ထိုလေဆိပ်သည် နိုင်ငံမြောက်ဘက် အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ဘာဆာရာမြို့တွင် တိုက်ခိုက်ခံရ၍ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

လန်ဒန် ဇွန် ၂၉

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တစ်ဝိုက်တွင် ဗြိတိသျှမော်တော်ယဉ်များအား ဗုံးဖြင့်တိုက်ခိုက်ရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဗြိတိန်ကာကွယ်ရေးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ဇွန် ၂၆ ရက်က ဘာကူဘာမြို့တွင် နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရေးအတွက် အီရတ်အမျိုးသမီးတစ်ဦးအား အိမ်အပြင်ထွက်ခိုင်းနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း၊ တစ်ဦးမှာ ဆိုးဆိုးရွားရွားဒဏ်ရာရရှိကြောင်းကိုသာ အတည်ပြုပြောကြားနိုင်ကြောင်း၊ ယင်းဗုံးမှာ အိမ်လုပ်ဗုံးဖြစ်ကြောင်း၊ နံနက်ပိုင်းက ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများ၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားပြီးကြောင်း၊ အခြားအသေးစိတ်သတင်း နောက်ထပ် မရရှိသေးကြောင်းဖြင့် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

တိုက်ဆိုင်

အမေရိကန် ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့က အီရတ်ကြားဖြတ်အစိုးရအား အာဏာလွှဲပြောင်းပေးမှုနှင့်ဖော်ပြပါဗုံးခွဲတိုက်ခိုက်မှုတို့တိုက်ဆိုင်နေသည်။

ပရိယာယ်

အာဏာ လွှဲပြောင်းရေးမှာ ကနဦးက ဇွန် ၃၀ ဟု သတ်မှတ်ထားသည်။ သို့ရာတွင် တနင်္လာနေ့သို့ ပြောင်းရွှေ့ခဲ့သည်။ ယင်းလုပ်ရပ်သည် အီရတ်နိုင်ငံသိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များအား အောင်မြင်စေရန် ကူညီပံ့ပိုးသည့် ပရိယာယ်ဖြစ်ကြောင်း အချို့သောပိုင်းခြားလေ့လာသူများက ပြောကြားသည်။ အီရတ်နိုင်ငံ၏ တွန်းလှန်တိုက်ခိုက်မှုများအား နှိမ်နင်းရာတွင် ကူညီနိုင်ရန်အတွက် နေတိုးတပ်များဖြည့်ဆည်းရေး ဖိအားပေးသည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အခြားသုံးသပ်သူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နီကာရာဂွာတပ်ဖွဲ့ဝင်များ အီရတ်သို့ ထပ်မံစေလွှတ်ဖွယ်မရှိ

မာနာဂွာ ဇွန် ၂၉

အီရတ်နိုင်ငံတွင် အခြေအနေများ ပြန်လည်တည်ငြိမ်မှုမရမချင်း နီကာရာဂွာ တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ ထပ်မံစေလွှတ်ဖွယ်ရာ မရှိကြောင်း နီကာရာဂွာဗိုလ်ချုပ်ကြီး ဂျာဗီရာကာရီယွန်က တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်တွင် တည်ငြိမ်ရေးရရှိရန် အတော်ပင်ဆောင်ရွက်စရာများ ကျန်နေသေးသည်။ မိမိတို့အနေဖြင့် ပြဿနာအရှုပ်အထွေးတွင် မပါဝင်လိုကြောင်း၊ သို့ဖြစ်၍ အခြေအနေကို စောင့်ကြည့်ရန် လိုအပ်ကြောင်းဖြင့် နီကာရာဂွာ ဗိုလ်ချုပ်ကြီးက ပြောကြားသွားသည်။

နီကာရာဂွာသမ္မတ အီရစ်ဘိုလာနို့စ်က အီရတ်တွင် မြေမြှုပ်မိုင်းဗုံးများ ရှင်းလင်းရန်နှင့် စစ်ဒဏ်သင့်ခံရသူများကို အကူအညီပေးရန်တပ်ဖွဲ့များတို့၏ စေလွှတ်ပေးမည်ဖြစ်ကြောင်း အမေရိကန်သို့ ကတိပေးခဲ့သည်ဟု ဆိုသည်။ ထိုစကားသံများ ထွက်ပေါ်လာအပြီးတွင် ဗိုလ်ချုပ်ကြီး ကာရီယွန်က နီကာရာဂွာတပ်ဖွဲ့ဝင်များကို စေလွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်တွင် ဖြစ်ပေါ်နေသော အခြေအနေမှာ လွယ်ကူသောအခြေအနေမဟုတ်၊ သမ္မတအနေဖြင့် နီကာရာဂွာတပ်ဖွဲ့များတို့၏ ချထားရန်ကတိပြုခဲ့သည်။ သို့ရာတွင် ထိုကိစ္စအတွက် တပ်များဖွဲ့စည်းစီစဉ်ရန် အမိန့်ပေးညွှန်ကြားထားခြင်း မရှိသေးပါ။ အခြေအနေမှာ ခက်ခဲသောအခြေအနေဖြစ်၍ အတော်စဉ်းစားဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်ဟု ကာရီယွန်က ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရန် အမေရိကန်ပြည်သူအများစုလိုလား

ဝါရှင်တန် ဇွန် ၂၉

အီရတ်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စုနှင့် သဟဇာတရှိမည့် အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖန်တီးဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း၊ ယင်းနိုင်ငံတွင် ငါးနှစ်တာကာလအတွင်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအခြေ အနေတည်ငြိမ်ကောင်းမွန်မှု အခြေ ခိုင်မာနိုင်ဖွယ်မရှိကြောင်း တနင်္လာနေ့တွင်ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပူးတွဲပြုလုပ်

အမေရိကန်က အီရတ်နိုင်ငံထံ အချုပ်အခြာအာဏာလွှဲပြောင်းပေးအပ်မှုကို မိမိတို့ကျေနပ်မှုရှိကြောင်း သဘောထားဆန္ဒဖော်ထုတ်သူ ၁၀၀၅ ဦးအနက် ၇၅ရာခိုင်နှုန်းက ထုတ်ဖော်ပြောကြားကြသည်ဟု စီအင်န်အင်န်သတင်းဌာန၊ ယူအက်စ်အေတူဒေးနှင့် ဂေါလပ်တို့ ပူးတွဲပြုလုပ်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါ စစ်တမ်းကို ဇွန် ၂၁ရက်နှင့် ဇွန် ၂၃ရက် အကြားကာလတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လာမည့်ငါးနှစ်တာကာလအတွင်း အီရတ်အစိုးရအဖွဲ့သည် အမေရိကန်နှင့် သဟဇာတရှိနိုင်ခြင်းရှိ၊မရှိ သဘောထားဆန္ဒမေးမြန်းရာ ၄၈ ရာခိုင်နှုန်းက ရှိနိုင်သည်ဟုဖြေကြားပြီး ၅၀ရာခိုင်နှုန်းက မရှိနိုင်ဟု ဖြေကြားသည်။

ပြန်လည်ရုပ်သိမ်းသင့်

အီရတ်နိုင်ငံတွင် လာမည့်ငါးနှစ်အထိ အမေရိကန်တပ်ဖွဲ့များ ဆက်လက်ရှိနိုင်ခြင်းရှိ၊ မရှိ သဘောထား ဆန္ဒမေးမြန်းရာ အမေရိကန်တပ်ဖွဲ့သည် အီရတ်မှ နှစ်နှစ်ပင်မပြည့်သည့်ကာလအတွင်း ပြန်လည်ရုပ်သိမ်းသင့်သည်ဟု ၇၀ရာခိုင်နှုန်းက ဖြေကြားသည်။

အင်တာနက်။

အီရတ်အရေး သဘောထားကွဲလွဲမှု မပြီးဆုံးသေး

အစ္စတန်ဘူလ် ဇွန် ၂၉

အီရတ်အရေးနှင့် ပတ်သက်၍ အနောက်အုပ်စုအတွင်း သဘောထားကွဲလွဲမှုမှာ မပြီးဆုံးသေးကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ၏ဝေဖန်ပြောဆိုချက်များမှာ လွန်ခဲ့သည့် ရက်သတ္တပတ်ကဥရောပသမဂ္ဂခေါင်းဆောင်များနှင့် ထိပ်သီးချင်းတွေ့ဆုံပြီးနောက် အမေရိကန်သမ္မတဘုရှ်၏ ပြောဆိုချက်များနှင့် တိုက်ရိုက်ဆန့်ကျင်နေသည်ဟု သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကန်မရိန်းတစ်ဦး ဓားစာခံအဖြစ်ဖမ်းဆီးမှု အာရပ်ရုပ်/ သံထုတ်လွှင့်

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ပြန်ပေးဆွဲခံထားရမှုနှင့် ပတ်သက်၍ နောက်ထပ် သတင်းများ ထပ်မံပေါ်ထွက်လာသည်။ အာရပ်ရုပ်မြင်သံကြားဌာနသည် အရှေ့အလယ်ပိုင်းဇာတိဖွား အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဝါဆွတ်အလီဟတ်ဆွန်ဟုဆိုသော အမျိုးသားတစ်ဦး၏ ရုပ်ပုံကို တနင်္လာနေ့က ထုတ်လွှင့်ပြသခဲ့သည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားသော အီရတ်တို့ကို ပြန်လည် လွှတ်ပေးရန်နှင့် ယင်းသို့ လွှတ်ပေးခြင်းမရှိပါက အမေရိကန် မရိန်းတပ်ဖွဲ့ဝင်ကို သတ်မည်ဟု ဓားစာခံဖမ်းဆီးထားသူများက ထုတ်ပြန်ကြေညာခဲ့ကြသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားမှုနှင့် ပတ်သက်၍ အမေရိကန် ဗိုလ်ချုပ် မာ့ခ်ကင်းမစ်က အတည်ပြုခြင်း မရှိသေးပေ။ သို့ရာတွင် လုပ်ဆောင်ဖွယ်ရှိသမျှကို လုပ်ဆောင်နေကြောင်း ကင်းမစ်က ပြောကြားသည်။

ဟတ်ဆွန်သည် ဇွန် ၂၁ ရက်မှစ၍ ပျောက်ဆုံးနေကြောင်း ကင်းမစ်က ပြောကြားသည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ပြောက်ကျားတို့က အဆုံးစီရင်

ကိုင်ရို ဇွန် ၂၉

အီရတ်နိုင်ငံ၌ ဧပြီလအတွင်းက ဖမ်းမိသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ပြောက်ကျားများက သတ်ဖြတ်သည်ကိုပြသသည့် ဗီဒီယိုတိပ်ခွေကို အယ်ဂျာဇီယာ ရုပ်မြင်သံကြားဌာနက တနင်္လာနေ့တွင် ထုတ်လွှင့်လိုက်သည်။ ဗီဒီယိုတိပ်ခွေတွင် အစိမ်းရောင်ဝတ်စုံဝတ်ထားပြီး နောက်ကျောဘက်မှသာမြင်ရသည့် အမေရိကန်တပ်ဖွဲ့ဝင်ကို သေနတ်ဖြင့် ပစ်ခတ်စီရင်လိုက်ခြင်းကို ပြသထားသည်။

အီရတ်တွင် အမေရိကန်တို့ ကျင့်သုံးသော မူဝါဒကြောင့်လည်းကောင်း၊ အီရတ်၊ ဆော်ဒီအာရေဗျနှင့် အယ်ဂျီးရီးယား၌ ၎င်းတို့၏ ခေါင်းဆောင်များအား သတ်ဖြတ်ခြင်းကို ကလဲ့စားချေသည့်အနေဖြင့်လည်းကောင်း အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်ကို သတ်ဖြတ်ခြင်းဖြစ်ကြောင်း ယခင် မကြားဖူးသည့် အုပ်စု၏ ကြေညာချက်ကို အယ်ဂျာဇီယာက ကိုးကားထုတ်လွှင့်သည်။

ဧပြီလကတည်းက အီရတ်ရှိ နိုင်ငံခြားသားအလုပ်သမားများနှင့် စစ်ဘက်ဆိုင်ရာများကို ဖမ်းဆီးခဲ့သည်။ ဧပြီလက အမေရိကန်တပ်ဖွဲ့ဝင် ကိသ်မက်သူးမော်ဖင် အပါအဝင် အချို့ကို ဖမ်းဆီးထားသည်။ အမေရိကန်မရိန်းတပ်ကြပ် ဝါဆက်အလီဟက်ဆွန်မှာ ဇွန်လ ၂၁ ရက်တွင် ပျောက်ဆုံးနေကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ တနင်္ဂနွေနေ့တွင် အီရတ်ရှိ အကျဉ်းသားများကို လွှတ်မပေးလျှင် အမေရိကန်မရိန်းတပ်ကြပ် ဟက်ဆွန်အား သတ်ပစ်မည်ဟု အယ်ဂျာဇီယာ ရုပ်မြင်သံကြားမှတစ်ဆင့် စစ်သွေးကြွများက ခြိမ်းခြောက်သည်။ ***အမ်အင်အေ၊၊ရိုက်တာ။***

ဇွန် ၂၆ ရက်က ဘာကူဘာမြို့တွင် အိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေစစ်ဆေးရန် နေရာယူနေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန်   ဇွန်   ၃၀

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား ၂-မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် (၁၁၅)ကြိမ်မြောက် တရားစခန်းပွဲတွင် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ-LLB)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား၃-မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ ဆရာတော်ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က တရားတော်များ ဟောကြားပြသမည် ဖြစ်ရာ ယောဂီများ ဇူလိုင် ၄ ရက်ညနေအရောက်လာကြရန်နှင့် ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။(က-ပ)

မြိုးခြွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

သြစတြေးလျနိုင်ငံမှ စေတနာရှင်များ၏ မွန်မြတ်သော အလှူဒါန

အလှူဟူသည် မွန်မြတ်သန့်စင်လှသည်။ လူမျိုးတိုင်းသည် မိမိတို့ကိုးကွယ်သည့် ဘာသာအလိုက် အလှူကို နည်းအမျိုးမျိုးဖြင့် ပြုလုပ်တတ်ကြသည်။ မည်သို့ပင်ဖြစ်စေ အလှူပြုလုပ်ခြင်းဖြင့် လူတို့အတွက် လောကီလောကုတ္တရာ အဖြာဖြာသောအကျိုးကို ရရှိစေပါသည်။

လှူသင့်လှူထိုက်သော မည်သည့်ပစ္စည်းမျိုးကို လှူသည်ဖြစ်စေ အလှူခံပုဂ္ဂိုလ်များအတွက် အကျိုးကျေးဇူး ကြီးမားလျှင် ကြီးမားသလောက် အလှူရှင်များသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ထိုသို့သော ဝမ်းမြောက်စိတ်ကြောင့်ပင် အလှူ၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာတတ်ကြသည်။

အလှူပေးလှူရာတွင် ကိုယ်ကျိုးကိုမကြည့်ဘဲ အလှူခံပုဂ္ဂိုလ်များအတွက် လိုအပ်သော မြတ်သောပစ္စည်းများကို လှူရန်ကြိုးစားကြသည်မှာ သူတော်ကောင်းတို့၏ ဓလေ့ဖြစ်ပေသည်။ ထိုလိုအပ်သော မြတ်သောအလှူထဲတွင် ဆေးနှင့်ဆေးပစ္စည်းလှူခြင်းသည် အရေးအပါဆုံး အလှူတစ်ခုဖြစ်ပေသည်။ မြတ်စွာဘုရားသည် ရဟန်းများအတွက် အလှူခံနိုင်သော ပစ္စည်းများအဖြစ် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည့် ပစ္စည်းလေးပါးကို ခွင့်ပြုတော်မူခဲ့သည်။ ထို့ကြောင့် ဆေးနှင့်ဆေးပစ္စည်းများသည် မြတ်သောအလှူစင်စစ် ဖြစ်ပေသည်။

ဆေးဝါးဟူသည် အသက်ရှည်ခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဆိုသည့် အကျိုးစီးပွားများကို ပေးနိုင်သည်ဖြစ်ရာ လူတို့အတွက် အရေးပါဆုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ အသက်ရှည်ခြင်းတို့နှင့် နှိုင်းစက်နိုင်သော အလှူပစ္စည်းဖြစ်သဖြင့် ထိုအလှူမျိုး ဖြစ်မြောက်သည်ဟု ကြားသိချိန်တွင် ကြားသိသူတိုင်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုတတ်ကြပါသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က ကျင်းပခဲ့သော အမျိုးသားကျန်းမာရေးကော်မတီသို့ သြစတြေးလျနိုင်ငံ မြန်မာသံရုံး(ကင်ဘာရာ)မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သော ဆေးရုံသုံးပစ္စည်းများ ကျပ် ၁၈၇၅ သိန်းဖိုးခန့်နှင့် သြစတြေးလျနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဆေးရုံသုံးပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုရန် ကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ် လှူဒါန်းပွဲသတင်းကို ၂၂-၆-၂၀၀၄ ရက်နေ့ မြန်မာသတင်းစာများတွင် ဖတ်ရှုလိုက်ရ၍ သာဓု အကြိမ်ကြိမ်ခေါ်ရင်း ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

ဒေါက်တာမျိုး (ဆေး-၁)

လှူဒါန်းသော ပစ္စည်းများမှာ ကျောက်ကပ်ဆေးစက် Dialysis Michine အလုံး ၄၀၊ ဆေးရုံသုံး ဟိုက်ဒရောလစ် ခုတင် ၆၂ လုံး၊ မွေ့ရာများ၊ ဆေးရုံသုံးဆက်တီများ၊ အခြားဆေးရုံသုံးပစ္စည်းမျိုးစုံဟု သိရှိရပါသည်။ လှူဒါန်းခဲ့သော ပစ္စည်းများအနက် ကျောက်ကပ်ဆေးစက်အလုံး ၄၀ နှင့် ဆေးရုံသုံးပစ္စည်းများကို Global Aid Net Work Australia (GAIN)အဖွဲ့နှင့် ယင်း၏တွဲဖက်အဖွဲ့ဝင်များဖြစ်သော Yeshua Net Work International Brisbaneမြို့ St.Frances Cabrini Private ဆေးရုံတို့မှ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယင်းပစ္စည်းများ လွှဲပြောင်းလက်ခံရယူခြင်းနှင့် ရန်ကုန်သို့ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် ကိစ္စအဝဝကို သြစတြေးလျနိုင်ငံ မြန်မာသံရုံးနှင့် Global Aid Net Work Australia(GAIN)အဖွဲ့နှင့် စေတနာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

သြစတြေးလျနိုင်ငံရှိ အလှူရှင်များမှ ပေးပို့လှူဒါန်းခဲ့သည့် ပစ္စည်းများမှာ မြန်မာနိုင်ငံ ကျန်းမာရေးလုပ်ငန်းတွင် အသုံးပြုရန် အသုံးတည့်ပြီး တန်ဖိုးကြီးမားသည့် ပစ္စည်းများဖြစ်ပြီး ကွန်တိန်နာလေးလုံးခန့် ပမာဏဖြစ်၍ ကျေနပ်အားရစရာကောင်းလှပါသည်။ သယ်ယူပို့ဆောင်ခ ဒေါ်လာသောင်းကျော် ကုန်ကျခဲ့သည်ဟုလည်း သိရှိရပါသည်။

လှူဒါန်းသည့်ပစ္စည်းများတွင် ပါဝင်သည့် ဆေးရုံသုံး ဟိုက်ဒရောလစ် ခုတင်များမှာ ဆေးရုံများတွင် အလွန်အသုံးဝင်သော ခုတင်များဖြစ်ပါသည်။ ခွဲစိတ်ပြီးလူနာများ၊ မွေးဖွားပြီးစလူနာများ၊ ထိခိုက်ဒဏ်ရာရ လူနာများအတွက် အသုံးဝင်တန်ဖိုးရှိသော ခုတင်များဖြစ်ပါသည်။ ကိုယ်လက်ကောင်းစွာ မလှုပ်ရှားနိုင်သော လူနာများအတွက် ဦးခေါင်းပိုင်း၊ ခြေရင်းပိုင်း၊ သီးခြားစီ နိမ့်နိုင်၊ မြှင့်နိုင်အောင် အထူးစီမံထားသော ခုတင်များဖြစ်ပါသည်။ ၎င်းခုတင်များမှာ ပြည်သူ့ဆေးရုံများတွင် အထူးလိုအပ်လှပါသည်။ ဟိုက်ဒရောလစ်ခုတင် ၆၂ လုံးနှင့်အတူ မွေ့ရာများပါဝင်ကြောင်း သိရပါသည်။

ရှားပါး၍ တန်ဖိုးကြီးမားပြီး အသုံးတည့်သည့် အခြားပစ္စည်းများမှာ ကျောက်ကပ်ဆေးစက် (Dialysis Machine)များ ဖြစ်ပါသည်။ ခေတ်မီတိုးတက်သော နိုင်ငံကြီးများတွင် ကျောက်ကပ် ဆေးစက်အသုံးပြု နိုင်ရန်အတွက် ဆေးရုံ၊ ဆေးခန်းများ၌ အဖိုးအခကြီးစွာ ပေးကြရပါသည်။ စက်များမှာ အနုစိတ်ပြီး ခေတ်မီပစ္စည်းများဖြစ်၍ စက်တစ်လုံးတန်ဖိုးမှာလည်း ဒေါ်လာသောင်းချီတန်သည်ဟု ကြားဖူးပါသည်။ ယခုလှူဒါန်းမှုတွင် ကျောက်ကပ်ဆေးစက် အလုံး ၄၀ ပါဝင်ကြောင်းသိရ၍ ကျောက်ကပ်ဝေဒနာသည်များအတွက် မင်္ဂလာရှိသော သတင်းတစ်ခု ဖြစ်ပါသည်။

လူ့ခန္ဓာကိုယ်တွင် ကျောက်ကပ်သည် အရေးပါသော ကိုယ်တွင်းအင်္ဂါတစ်ခု ဖြစ်ပါသည်။ ကျောက်ကပ်၏တာဝန်မှာ လူ့ခန္ဓာကိုယ်တွင် ဇီဝဖြစ်ပျက်မှုမှ ထွက်ပေါ်လာသော ဆားဓာတ်နှင့် ပိုလျှံသော ရေတို့ကို ဆီးအဖြစ် စစ်ထုတ်ပေးခြင်းဖြင့် လှည့်ပတ်နေသောသွေးကို သန့်ရှင်းစေပါသည်။ သွေးပေါင်ချိန်ကိုလည်း ညှိပေးပါသည်။ ၎င်းအပြင် အရိုးကို ခိုင်မာစေသော ထုံးဓာတ် (ကယ်လဆီယမ်)ကို သွေးအတွင်း လိုအပ်သည့် ပမာဏရှိစေရန် ထိန်းပေးခြင်းအပြင် သွေးနီဥများ ထုတ်လုပ်ရန်လည်း တွန်းအားပေးပါသည်။ ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ ပုံမှန်ကြီးထွားမှုကို အထောက်အကူဖြစ်စေပါသည်။

ကျောက်ကပ်ရောဂါသည် ဆီးချိုရောဂါကြောင့် ၄၀ ရာခိုင်နှုန်းဖြစ်နိုင်ပြီး သွေးတိုးရောဂါကြောင့် ၂၅ ရာခိုင်နှုန်း ဖြစ်နိုင်ပါသည်။ ဘက်တီးရီးယားနှင့် အခြားရောဂါပိုးများကြောင့်လည်း ကျောက်ကပ်ရောဂါ ဖြစ်နိုင်ပါသည်။ နာတာရှည် ကျောက်ကပ်ရောဂါသည်များရှိသကဲ့သို့ ထိခိုက်ဒဏ်ရာရ သွေးဆုံးရှုံးမှုကြောင့်သော်လည်းကောင်း၊ မတည့်သော ဆေးဝါးများ သုံးစွဲမိလျှင်သော်လည်းကောင်း၊ မြွေကိုက်ခြင်း၊ အဆိပ်သောက်မိခြင်းစသည်တို့ကြောင့် အဆိပ်အတောက်မိခဲ့လျှင်သော်လည်းကောင်း ရုတ်တရက် ကျောက်ကပ်ရောဂါ ဖြစ်တတ်ပါသည်။ ခုခံအားကျဆင်းမှုကြောင့်လည်း ကျောက်ကပ်ရောဂါ ဖြစ်တတ်ပြန်ပါသည်။ ကျောက်ကပ် ဝေဒနာနှင့် ကျောက်ကပ်ရောင်ခြင်းများ ဖြစ်ပွားပါက ကျောက်ကပ်သည် ပုံမှန်အလုပ်ကို ကောင်းစွာ ထမ်းဆောင်နိုင်ခြင်း မရှိပါ။ ကျောက်ကပ် ကောင်းစွာအလုပ်မလုပ်ပါက ဆားဓာတ်နှင့် ပိုလျှံသော ရေများ ခန္ဓာကိုယ်တွင်း စုပုံလာပြီး လူ၏အသက်အန္တရာယ်ကို ထိပါးသည် အထိ ဖြစ်တတ်ပါသည်။

ကျောက်ကပ်အလုပ်မလုပ်တော့သည့် ကျောက်ကပ်ဝေဒနာသည်များအတွက် ကျောက်ကပ်ဆေးစက်သည် မရှိမဖြစ်သော ပစ္စည်းတစ်ခုဖြစ်ပါသည်။ ကျောက်ကပ်ဆေးစက်သည် အစားထိုးကျောက်ကပ်အဖြစ် ကျောက်ကပ် တာဝန်များကို ထမ်းဆောင်ပေးပြီး လူ့ခန္ဓာကိုယ်တွင်းရှိ သွေးများကို သန့်ရှင်းစေပါသည်။ လူ၏ အသက် အန္တရာယ်ကို ကာကွယ်ပေးပါသည်။ ထို့ကြောင့် ကျောက်ကပ် ဆေးစက်များမှာ ကျောက်ကပ်ဝေဒနာရှင်များအတွက် တန်ဖိုးကြီးမားသော၊ လွန်စွာအသုံးဝင်သော စက်များဖြစ်ကြပါသည်။ ကျောက်ကပ်ဆေး စက်အလုံး ၄၀ သည် ကျောက်ကပ်ဝေဒနာရှင်များစွာ၏ ဝေဒနာနှင့်အသက်များကို ကယ်တင်နိုင်မည်ဟု ယုံကြည်မိပါသည်။ ရန်ကုန်မြို့တွင်သာမက မြန်မာပြည်အနှံ့ ဆေးရုံများသို့ ဖြန့်ဝေနိုင်သော အရေအတွက် ဖြစ်သဖြင့် တိုင်းနှင့်ပြည်နယ်များမှ ကျောက်ကပ် ဝေဒနာရှင် လူနာများအားလည်း ထိရောက်စွာ ကုသနိုင်မည်ဖြစ်ပါသည်။

လူနာစောင့်များအတွက် အသုံးပြုနိုင်သည့် ဆိုဖာကုလားထိုင်များ၊ အခြားဆေးရုံသုံးပစ္စည်းမျိုးစုံနှင့် ကလေးလူနာများအတွက် ကစားစရာ မွေးပွရုပ်များ၊ ဖိနပ်များလည်းပါဝင်၍ ဆေးရုံများအတွက် အသုံးဝင်သော ပစ္စည်းများ ဖြစ်ကြပါသည်။ မိုင်ပေါင်း ၅၀၄၅ မိုင်ဝေးသော သြစတြေးလျမှ ပေးပို့ရောက်ရှိလာခြင်းဖြစ်၍ ထက်သန်သောစေတနာရှင် အလှူရှင်များအားလုံးအား ကျေးဇူးအထူးတင်မိပါသည်။ ဂုဏ်ယူလေးစားမိပါသည်။ ပြုစုစောင့်ရှောက်သင့်သော လူနာများ၊ အရေးကြီးလူနာများအတွက် လိုအပ်သော ပစ္စည်းများဖြစ်၍လည်း ဝေဒနာသည် လူနာတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုမိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး ကင်ဘာရာမြို့မှ ဆေးရုံသုံးပစ္စည်းမျိုးစုံကို ဆက်လက်ပေးပို့ရန် စီစဉ်နေဆဲဖြစ်သည်ဟု သိရပါသည်။ သြစတြေးလျနိုင်ငံမှာ မြန်မာပြည်နှင့် အလှမ်းကွာဝေးသောအရပ်တွင်ရှိ၍ ကွန်တိန်နာများကို သင်္ဘောနှင့်တင်ပို့ရာတွင် ကုန်ကျစရိတ်များသည်ဟု သိရပါသည်။ ဆက်လက်၍ ဆေးရုံသုံးပစ္စည်းများ သင်္ဘောနှင့်တင်ပို့ရာတွင် အသုံးပြုရန်အတွက် ကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး ကင်ဘာရာမှ သံမှူးကြီး ဦးကျော်အေးနှင့် အလှူရှင်များက အမျိုးသားကျန်းမာရေးကော်မတီသို့ လှူဒါန်းခဲ့သည်ကိုလည်း သတင်းစာတွင် ဖတ်ရှုလိုက်ရ၍ အလှူရှင်များကိုယ်စား ဝမ်းမြောက်ဂုဏ်ယူမိခဲ့ပါသည်။ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းလှူဒါန်းခဲ့ခြင်းဖြစ်၍လည်း လေးစားခဲ့ရပါသည်။ ထူးကဲမွန်မြတ်သော အလှူဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့ကိုယ်တိုင်လှူသည်ဖြစ်စေ၊ သူတစ်ပါးတို့၏ အလှူကို သာဓုခေါ်သည်ဖြစ်စေ တစ်ပြေးညီ ကုသိုလ်ရသည်ဟု ခံယူ ကြပါသည်။ အလှူရှင်များအနေဖြင့်လည်း မိမိတို့အလှူကို အမျှဝေခြင်းဖြင့် အလှူ၏အကျိုးသက်ရောက်မှုကို ပွားများစေလိုသော စေတနာများရှိကြပါသည်။ အလှူအဖို့အစုကို အမျှပေးဝေခြင်း၊ သာဓုခေါ်ခြင်းတို့သည် ကုသိုလ်တရားကို ပိုမိုဖြစ်ထွန်းစေသည်ဟု ယုံကြည်ကာ သာဓုခေါ်ဆိုကြပါစို့ဟု ဆောင်းပါးရှင်က တိုက်တွန်းလိုပါသည်။ ။

ဆက်ကပ်လှူဒါန်း

ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံစာသင်တိုက်(ကျိုက်ပိကျောင်း) မဟာဝိဇယကာရီဗိမာန်တော်ကြီး၏ မုခ်ဦးတံခါး၊ မြေညီထပ်လှေကားနှင့် ဗိမာန်တော်ကြီး၏ ပဉ္စမထပ်၌ ဘုရားဂန္ဓကုဋိတိုက် တစ်ခန်းအတွက် အလှူငွေ စုစုပေါင်း ကျပ် ၃၅ သိန်း ငါးသောင်းကို ကပ္ပတိန်ထင်ကျော်-ဒေါ်ကြည်မြ မိသားစုတို့က မဟာဓမ္မိကာရုံ စာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (ကျိုက်ပိကျောင်း) ဆရာတော်ထံသို့ ဇွန် ၂၉ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန်   ဇွန်   ၃၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် (၅)ကြိမ်မြောက် Han Golf Masters မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁ ရက်တွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉မိုင်၊ပြည်လမ်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၈-၁၀)နှစ်သက်တမ်း၊ အသက်(၁၁-၁၂)နှစ်သက်တမ်း၊ အသက်(၁၃-၁၄)နှစ် သက်တမ်း၊ အသက်(၁၅-၁၇)နှစ်သက်တမ်းနှင့် အမျိုးသမီး အသက် (၁၈)နှစ်အောက်ပြိုင်ပွဲဟူ၍ သက်တမ်း (၅)တမ်းခွဲ၍ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) ပထမနှစ် (မြန်မာစာအထူးပြု) (ခ) ဥမ္မာဒန္တီပျို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားသူများ"(အပိုင်း-၁၅)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

တံတားကြမ်းခင်း

ရန်ကုန်တိုင်း တွံတေးမြို့ အိုးဖိုရပ်ကွက်နှင့် ရွှေဆံတော်ရပ်ကွက် ဆက်သွယ်သည့် အောင်သိဒ္ဓိ တံတား ကြမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေစဉ်။

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူစေရန် တည်ဆောက်ပေးထားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၊ နမ့်ဆန်–မိုင်းတုံ–မိုင်းဆတ်လမ်းပေါ်ရှိ ပေ ၂၈၀အရှည် လင်းခေးတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ဂျိုဝါထလွန် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။(ဓာတ်ပုံ–ခရိုင်/ပြန်ဆက်)

စက်ရေတွင်းတူးဖော်

ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်း အင်းတော်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်း တူးဖော်ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ–၂၃၃)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဆောင်၌ကျင်းပစဉ်။ (သတင်းစဉ်)

တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု

သဘာပတိအဖွဲ့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအဖြစ်တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက ဆောင်ရွက်၍

အမျိုးသားညီလာခံကျင်းပရေးကော... သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အ... သိန်းစိန် အမျိုးသားညီလာခံ စုံညီအစ... မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။

✧ ရှေ့ဖုံးမှ

မြို(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်နန့်ဥမ္မာမြက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်မှ ဒေါ်ဆာဆုက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင် ငံ တော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ် လျဉ်း ၍ အ သေး စိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်မ... တင်ပြချက်စာတမ်းကို ညီလာခံကိုယ်စ... ထွန်းက ဖတ်ကြားတင်ပြစဉ်။

သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးထွန်းရင်လော၊ ရွေးကောက်

အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များအနက် ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်

အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၃)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံ

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ အလုပ်သမားကိုယ်စားလှယ် များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြား

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျောက်စိမ်းအတွဲ ၂၃၂တွဲ ရောင်းချရ

ရန်ကုန် ဇွန် ၃၀

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အစီအစဉ်အရ ဒုတိယနေ့ အဖြစ် ယနေ့ နံနက် ၉နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်ပနိုင်ငံခုနစ်နိုင်ငံ၊ ကုမ္ပဏီ ၁၈၉ခုမှ ရတနာကုန်သည် ၄၈၇ဦးနှင့် ပြည်တွင်း ကုမ္ပဏီ ၁၂၇ခုမှ နိုင်ငံသားရတနာကုန်သည် ၃၈၁ ဦး စုစုပေါင်း ရတနာကုန်သည် ၈၆၈ ဦး တက်ရောက်ဝယ်ယူကြသည်။

ယမန်နေ့ ညနေ ၅နာရီမှ ည၇နာရီအထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၅၈တွဲကို ရတနာကုန်သည်များက ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၁၈၆ တွဲကို ရောင်းချရသည်။

ယနေ့နံနက်၉နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၂၃၂တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

ဇူလိုင် ၁ရက်တွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် တတိယနေ့အဖြစ် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သဘာပတိအဖွဲ့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအဖြစ်တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက ဆောင်ရွက်၍ ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

သို့မဟုတ်ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ်ရောဝတီတိုင်းမှဒေါ်နန့်ဥမ္မာမြက စတင်ဖတ်ကြားတင်ပြသည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်မှ ဒေါ်ဆာဆုက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးအောင်ထွန်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀ နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးအောင်ထွန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ အလုပ်သမားကိုယ်စားလှယ် များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြား လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ်၁၀၆၆ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၉၈ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ဆက်လက်ဖတ်ကြားတင်ပြသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက် စာတမ်း ပါဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဟင်္သာတစက်မှုဇုန်၌ အလုပ်ရုံများစစ်ဆေး

ရန်ကုန် ဇွန် ၃၀

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၂၈ ရက်နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် မြို့ပေါ်ကျောင်းများ ဝါဆိုသင်္ကန်းများ ဆက်ကပ်ပွဲသို့ တက်ရောက်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားများအတွက် အဝတ်အထည်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာ၌ စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးနှင့် လုပ်ငန်းရှင်များက စက်မှုဇုန်၌ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်မှုဇုန်မြေနေရာကို ကြည့်ရှုစစ်ဆေးကာ စက်မှုဇုန်အတွင်းရှိ သိပ္ပံ၊ ပြည့်စုံ၊ ဒေါင်း စက်မှုလက်မှု အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့ရှိ သစ်အရောင်းဆိုင်သို့ရောက်ရှိပြီး ပြည်သူများအား သစ်ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ ကုန်ကြမ်းများ မပြတ်လပ်စေရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ယူအင်ဒီပီ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ရန်ကုန်မြို့ရှိ UNDP ရုံးမှ UNDP Resident Representative and UN Resident Coordinator Mr.,Charles James Petrieသည် ယမန်နေ့မွန်းလွဲ၃နာရီတွင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဇွန် ၃၀ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ဆွစ်ဇာလန် နိုင်ငံ အမျိုးသားနေ့နှင့် ဆွစ်ဇာလန်ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ရန်ကုန်မြို့တွင် ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ညစာခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Hans-Peter Erismann နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၃၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ တင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာအောင်စိုးဦးရိုက်ကူးပြီး သရုပ်ဆောင် စိုးသူ၊ နေအောင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် "နှော်ရင်မွှေး" ရုပ်ရှင်ဇာတ်ကားတင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၀၄ (ကြာသပတေးနေ့)

၁၃၆၆ခုနှစ်၊ ပထမ ဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၂၀ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)

- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၅ ၈။ **"မနိုင်သောအရှုံး" (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)**
- ၅:၅၅ ၉။ တေးဂီတအစီအစဉ်
- ၆:၁၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၁၁။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်"(အပိုင်း-၃၅)**
- ၇:၃၅ ၁၅။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအငြိမ့် (အပိုင်း-၁) ရန်ကုန်တိုင်းစစ်ဌာနချုပ် "ရွှေလမင်းအငြိမ့်" (မင်းသမီး-ခိုင်သဇင်သင်း၊ ဝါဝါခိုင်) (လူရွှင်တော်-ဇရော၊ ကျော်ထူး၊ မန်းဝင်း၊ ခင်လှိုင်)**
- ၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်

နံနက်ပိုင်း

- ၀၀:၃၀ ၂၁။ **EURO 2004 ဒုတိယအကြိုဗိုလ်လုပွဲ သုံးသပ်ချက်**
- ၁:၁၅ ၂၂။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) (ဂရိ နှင့် ချက်)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၃၀

မွန်ပြည်နယ် မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီး များနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန်၂၅ရက်တွင် မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယကမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကျော်ကျော်မောင် ဦးဆောင်သော မြို့နယ်၊ရပ်ကွက်၊ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၃၅၀ကျော်တို့သည် မုဒုံမြို့ ရွှေဟင်္သာဂေါက်ကွင်း၌ သစ်ပင်မျိုးစုံ ၁၅၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းဦးဆောင်သော မြို့နယ်၊ ရပ်ကွက်၊ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ကျော်တို့သည် သံဖြူဇရပ်မြို့နယ် ဝဲရက်ကျေးရွာအုပ်စု၊ဝယ်သွန်ချောင်ကျေးရွာအနီးလမ်းဘေးဝဲ/ယာနှင့်ဘုရားရင်ပြင် ပတ်ဝန်းကျင်တစ်ဝိုက်၌သစ်ပင်မျိုးစုံ၂၀၀၀ကျော်တို့ကိုစုပေါင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၉ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းနုက ဆီးသပြေပင် စိုက်ပျိုးပေးစဉ်။ (ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို သစ်ပင်စိုက်ပျိုးပွဲ တောင်ကြီးမြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၉ရက်နံနက်က တောင်ကြီးမြို့နယ် ဘုရားကိုးဆူစိုက်ကွင်းတွင်ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနု၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် ၂၀ရပ်ကွက်မှ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းနုတို့က စိုက်ပျိုးမည့်သစ်ပင်များအား ဝေငှပေးအပ်ပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ခါတော်မီပင်အားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုက ဆီးသပြေပင်အားလည်းကောင်း စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက သစ်ပင်များကို တပျော်တပါး ပါဝင်စိုက်ပျိုးကြသည်။ အဆိုပါ သစ်ပင်စိုက်ပွဲတော်တွင် ခါတော်မီ၊ ဆီးသပြေ၊ ချယ်ရီ၊ သင်းဝင်၊ မဲဇလီ၊ ရေတမာ၊ ရေပျဉ်းမ၊ မန်ဂျန်ရှား၊ ထင်းရှူး၊ မန်ကျည်း၊ သစ်ဆိမ့် စသည့် အပင်ပေါင်း သုံးသိန်းစိုက်ပျိုးခဲ့ကြသည်။ (က-ပ)

ဘဏ္ဍာ/ အခွန် ထူးချွန်ဘောလုံးသမားများအား ရာထူးတိုးတံဆိပ် အပ်နှင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ထူးချွန်ဘောလုံး အားကစားသမားများအား ရာထူးတိုးတံဆိပ် အပ်နှင်းချီးမြှင့်ခြင်းနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို အကောက်ခွန်ဦးစီးဌာနရုံးချုပ် စုဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းမှ ထူးချွန်ဘောလုံးသမားလေးဦးအား ဒုတိယအကောက်ခွန်မှူးရာထူးသို့ တစ်ဆင့်မြင့် ရာထူးတိုးတံဆိပ် အပ်နှင်းချီးမြှင့်သည်။

ဆက်လက်၍ ပညာသင် ထောက်ပံ့ကြေး ကျပ် ၄၆၃၀၀၀ ကို ပေးအပ်ရာ ဝန်ထမ်းတစ်ဦးက လက်ခံရယူသည်။ (ကြေးမုံ)

ဆုချီးမြှင့်

ပထမထိပ်တန်း ကုန်ထုတ်သမဝါယမအသင်းလီမိတက် ဝန်ထမ်းနှစ်ပတ်လည် အခမ်းအနားနှင့် ဝယ်ယူသုံးစွဲသူများအား ဆုချီးမြှင့်ပွဲကို အလုံမြို့နယ်သခင်မြပန်းခြံအနီးဝက်စတင်းပတ်(၂)၌ ဇွန် ၂၀ရက်ကကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးဉာဏ်ဝေက ဝယ်ယူသုံးစွဲမှု ပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

❍ ရှုံးပွဲမရှိမှ

ချက်သည် ပရိသတ်သိပြီးသည့်အတိုင်း ပွဲစဉ်တိုင်း အနိုင်ရပြီး ဆီမီးရောက်လာသော အသင်းဖြစ်ပြီး ရှုံးပွဲတစ်ပွဲမှ မရှိသောအသင်းလည်း ဖြစ်သည်။ ယူရို-၂၀၀၄ ပြိုင်ပွဲ၌ ယခုအထိ ရှုံးပွဲ၊ သရေပွဲမရှိသေးသော အသင်းတစ်သင်းအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

အုပ်စုပွဲမှ ကွာတားဖိုင်နယ်အထိ ဂရိကစားခဲ့သောပွဲများကို လေ့လာကြည့်လျှင် ပွဲဦးထွက် အိမ်ရှင်ပေါ်တူဂီနှင့် ကစားသောပွဲသာ အကောင်းဆုံးပွဲတစ်ပွဲဟု ဆိုနိုင်သည်။ ၎င်းပွဲတွင် ဂရိသည် ထောက်ပြစရာမရှိလောက်အောင် ကစားသွားနိုင်သည်။ ပြင်သစ်တို့၏ ထိုးစစ်မှန်သမျှကို ဖျက်ထုတ်နိုင်သည်။ နောက်ပိုင်းတွင် ဂရိ၏ ဖျက်ထုတ်အားကောင်းမှုကြောင့် ပြင်သစ်ကစားကွက် တည်မရအောင် ဖြစ်ခဲ့သည်။ ဂရိ၏ တန်ပြန်တိုက်စစ်သည် မြန်သည်။

ကျန်သုံးပွဲစလုံးတွင် ဂရိ၏ကစားပုံ ကျေနပ်ဖွယ်မကောင်းချေ။ စပိန်နှင့်ပွဲဆိုလျှင် ဂရိကစားပုံသည် လေးပြီး ဆိုင်းနေသည်။ အချိတ်အဆက်မမိဘဲ ကစားကွက်လည်း ပျောက်နေသည်။ စပိန်၏ ဖိကစားခြင်းကို တစ်ချိန်လုံးခံနေရသည်။ တစ်ဖန် ရုရှားနှင့်ပွဲတွင်လည်း ဂရိကစားပုံသည် အဆိုးဆုံးအနေအထားသို့ ရောက်ခဲ့သည်။ ဂရိနောက်တန်းလူများသည် တစ်ဦးနှင့်တစ်ဦး နားလည်မှု လွဲနေကြသည်။ ရုရှား၏ ထိုးဖောက်ခြင်းကို အသည်းအသန် ထိန်းသိမ်းဖျက်ထုတ်နေရသည်။ ကွာတားဖိုင်နယ်တွင် ပြင်သစ်၏ တစ်ဖက်စောင်းနင်း အပေါ်စီးမှကစားခြင်းကို ခံရသည်။ သို့သော် ဂရိသည် ၎င်းပွဲတွင် တန်ပြန်ကစားကွက်ယှဉ်၍ ကစားနိုင်သည်ကို တွေ့ရသည်။ ကွင်းလယ်မှ ကစားကွက်ပုံဖော်ပြီး ထိုးဖောက်ကစားသည်။ သို့သော် ဘောလုံးပိုင်ဆိုင်မှု နည်းသည်။ ဂရိ၏ လျှပ်တစ်ပြက်တိုက်စစ်သည် တစ်ချက်ဆိုတစ်ချက် ထိရောက်မှု ရှိခဲ့သည်။

ဂရိကစားခဲ့သော ပွဲစဉ်လေးပွဲတွင် ခြေစွမ်းတည်ငြိမ်မှုမရှိသည်ကို တွေ့ရသည်။ ပွဲတိုင်းလိုလိုပင် ပြိုင်ဘက်အသင်းများ၏ ဖိနှိပ်ကစားခြင်းကို ခံရသည်။ အိမ်ရှင် ပေါ်တူဂီနှင့် ကစားသောပွဲတွင်သာ ကောင်းသည်ဟု လက်ညှိုးထိုးပြစရာရှိသည်။

ချက်သည် များသောအားဖြင့် ပွဲစဉ်တစ်လျှောက် ခြေစွမ်းတည်တည်ငြိမ်ငြိမ်ဖြင့် ကစားသွားသည်။ ဗွေဆော်ဦး လတ်ဗီးယားနှင့်ပွဲတွင် ချက်သည် အပေါ်စီးမှ ဦးဆောင်ကစားနိုင်သည်။ ဒုတိယပွဲစဉ်ဖြစ်သော ဟော်လန်နှင့်ပွဲတွင် ချက်သည် အရှုံးမှ အနိုင်ရအောင် ပြန်လည်ကစားသွားပုံမှာ မျက်စိထဲ စွဲစရာကောင်းသည်။ အားနှင့်ခွန်နှင့် ကစားသည်။ တန်ပြန်တိုက်စစ်များကလည်း မြန်ပြီးကောင်းသည်။ သို့သော် ချက်၏ နောက်တန်းသည် ၎င်းပွဲတွင် ပျာယာခတ်သွားခဲ့သည်ကို သတိပြုမိသည်။ မည်သို့ပင်ဖြစ်စေ ဟော်လန်နှင့်ပွဲသည် ချက်၏ အကောင်းဆုံးပွဲတစ်ပွဲဟု သတ်မှတ်၍ရသည်။

ဂျာမနီနှင့်ကစားရသော တတိယပွဲစဉ်တွင် ချက်၏ အရန်အင်အားကောင်းပုံကို တွေ့ရသည်။ သို့သော် ၎င်းပွဲတွင် ချက်၏ကစားပုံညံ့သည်။ အချိတ်အဆက် ကောင်းကောင်းမမိဘဲ ဂျာမနီ၏ ကစားကွက်အောက်တွင် နစ်မြုပ်ခဲ့သည်။ ပထမဦးစားပေး ကစားသမားအချို့ ပြန်ဝင်မှသာ ချက်၏ကစားပုံ ကောင်းလာသည်။ အချိတ်အဆက်မိသည်။ ကစားကွက်ကို ပုံဖော်ကစားနိုင်သည်။

ဒိန်းမတ်နှင့်ကစားသော ကွာတားဖိုင်နယ်တွင် ပွဲစစချင်း ချက်ကစားပုံ ညံ့လွန်းသည်။ ပထမဦးစားပေး ကစားသောကစားသမားများ၏ ခြေစွမ်းညံ့သော အနေအထားဖြစ်သည်။ ၎င်းသည် ချက်၏ ပထမဦးဆုံး ချို့ယွင်းချက်ဖြစ်သည်။ ပထမပိုင်းတစ်ပိုင်းလုံး ချက်၏ ကွင်းလယ်ကစားကွက် တည်မရအောင်ဖြစ်ခဲ့သည်။ သို့သော် ဒုတိယပိုင်းစလိုက်သည်နှင့် တစ်ပြိုင်တည်း ချက်သည် ကစားပုံ၊ ကစားဟန်၊ ကစားအားတို့ ချက်ချင်းဆိုသလို ပြောင်းလဲသွားသည်။

ဒိန်းမတ်သည် ချက်၏ကစားကွက်အောက်သို့ ရောက်သွားသည်။ အနိုင်ဂိုးများ တဒိုင်းဒိုင်းသွင်းပစ်လိုက်သည်။ ၎င်းပွဲတွင် ချက်အသင်း၏ ထူးခြားချက်တစ်ခုကို သတိပြုမိသည်။ ယန်ခိုလာဖြစ်သည်။ သူသည် နက်ဗက်၊ ပိုဘော့စကီး၊ ရိုဆစ်စကီးနှင့်အပြိုင် တစ်ကွင်းလုံးကို လှည့်ပတ်ကစားသွားသည်။ ဒိန်းမတ်နှင့်ပွဲသည် ယန်ခိုလာ၏ပွဲဟု ပြော၍ရသည်။

လောလောဆယ် ကစားခဲ့သော ပွဲအနေအထားအရ ချက်သည် ဂရိထက် ကစားပုံတို့ကောင်းကြောင်း တွေ့ရ သည်။ ကစားပုံများကို နှိုင်းယှဉ်ကြည့်ရာတွင် ချက်သာနေသည်။ သို့သော် ကစားခဲ့ပုံများကို လေ့လာနှိုင်းယှဉ်ရုံမျှဖြင့် ဘယ်အသင်းနိုင်မည်၊ ဘယ်အသင်းရှုံးမည်ဟု ကောက်ချက်ဆွဲ၍မရ။ အသင်းနှစ်သင်း၏ နည်းဗျူဟာ၊ နည်းပရိယာယ်၊ ကစားကွက်၊ လူအား၊ ကစားအား၊ စိတ်ဓာတ်များကို ထည့်တွက်နှိုင်းယှဉ်ကြည့်မှသာ အနီးစပ်ဆုံးရလဒ်ကို ရလိမ့်မည်ဟု ယူဆရပေသည်။ သို့သော်လည်း မမြင်နိုင်သောအခြေအနေများ၊ ခြွင်းချက်များက အထက်မှာ တွက်ချက်ယူဆထားချက်များကို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားအောင် လုပ်ဆောင်တတ်လေ့ရှိသည်။

ချက်အသင်းနှင့် ဂရိတို့၏ နည်းဗျူဟာတည်ဆောက်ထားပုံမှာ မတူညီကြချေ။ ဂရိသည် ခံစစ်ပိုင်းကိုအားပြုပြီး တိုက်စစ်ကစားသော အသင်းဖြစ်သည်။ ချက်မှာ ခံစစ်တိုက်စစ်ကို ဖွင့်ကစားသည်။ နည်းဗျူဟာမှာ ပုံသေဖြစ်သည်။ နည်းပရိယာယ်ပိုင်းတွင် ချက်က ဂရိထက် ပိုပြီးကြွယ်ဝသည်။ ဂရိမှ ဇာဂိုရာကစ်၊ ဘာရာဂူးနစ်တို့ထက် ချက်မှ နက်ဗက်၊ ပိုဘော့စကီး၊ ရိုဆစ်စကီးတို့က ပရိယာယ်ကြွယ်ဝသည်။ ပြိုင်ဘက်များကို လှည့်ကစားရာတွင် ပါးနပ်ကြသည်။ အင်နှင့်အားနှင့် ကစားနိုင်သလို ဂိုးရအောင်လည်း ဖန်တီးပေးတတ်ကြသည်။

နှစ်သင်းစလုံးမှ ဂိုးသမားများ ကောင်းကြသည်။ အဝင်အထွက်မှန်ပြီး သေချာပေါက်ဂိုးများကို ကာကွယ်နိုင်ကြသည်။ နောက်တန်းအနေဖြင့် နှစ်သင်းစလုံးတောင့်ပြီးလုံသည်။ သို့သော် ချက်၏နောက်တန်းမှာ အတွေ့အကြုံနည်းသည်။ ပြိုင်ဘက်တိုက်စစ်ဖိအားများလာလျှင် နည်းနည်းပျာတတ်သည်။ ညာဘက်အစွန်းမှာလည်း အားပျော့သည်။ ကွင်းလယ်မှာ ချက်အသင်းက သာသည်။ ဂရိသည် ပြင်သစ်နှင့် ပွဲတစ်ပွဲတည်း၌သာ ကွင်းလယ်ကစားကွက်ဖြင့် ပုံဖော်ကစားနိုင်သည်။ ဂရိသည် ကွင်းလယ်ကို စိုးမိုးမကစားနိုင်သော်လည်း ဖျက်ရာတွင် ချက်ထက် ပိုကောင်းသည်။ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်အသင်းများ၏ ကွင်းလယ် တည်မရအောင် ဖျက်အားကောင်းခဲ့သည်။ သို့ဖြစ်၍ ကွင်းလယ်အားသာသည်။ ချက်အနေဖြင့် ကွင်းလယ်ကို မည်သို့ ထိန်းချုပ်နိုင်မည်ဆိုသည်ကို ပွဲတွင် လေ့လာကြည့်ရမည်။

ဂရိ၏ ရှေ့တန်းက အပြောင်းအလဲများဖြင့် ကစားခဲ့သည်။ ချက်ကမူ ဘားရို့စ်နှင့် ယန်ခိုလာကို ပုံသေထားကစားလာသည်။ အတွေ့အကြုံနှင့် သမ္မာမှာ ချက်ကသာသည်။ ဘားရို့စ်ကောင်းသလို စတီရပ်စ်ကလည်း ကောင်းသည်။ ပြိုင်ဘက်နောက်တန်းများ မျက်စိဒေါက်ထောက်ကြည့်ရသည့် တိုက်စစ်သမားလူငယ်များ ဖြစ်သည်။ များသောအားဖြင့် ဂရိက ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားလေ့ရှိသည်။ ချက်က ပြိုင်ဘက်နောက်တန်း အားပျော့ချက်များကိုကြည့်ပြီး အဓိကထား ထိုးဖောက်သည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ကစားခဲ့သော ပွဲခြေစွမ်းအရ ချက်က သာသည်။ ထို့အပြင် လူအနေအထားအရ နေရာတော်တော်များများတွင် ချက်က ကောင်းသည်။ နည်းဗျူဟာ၊ နည်းပရိယာယ်ပိုင်းများမှာ ချက်က ပိုအားကောင်းသည်။ ကစားသမားတစ်ဦးချင်း ကြိုးစားအားထုတ်မှု၊ ကစားအားကောင်းမှုတို့မှာလည်း ဂရိကို အပြိုင်နွှဲနိုင်ပါကြောင်း သုံးသပ်မိပါသည်။ ။

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်က တံခွန်အသင်းကိုနိုင်

ရန်ကုန် ဇွန် ၃၀

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက တံခွန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲစဉ်တွင် စွမ်းအင်နှင့် ဆောက်လုပ်ရေးတို့ တစ်ဂိုးစီ သရေကျသွားသည်။

မြို့တော်စည်ပင်အသင်းအတွက် အနိုင်ဂိုးများကို သန်းဝဏ္ဏအောင်က ၁၈မိနစ်နှင့် ၆၂မိနစ်တို့တွင် သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် တံခွန်အသင်းမှ အောင်လတ်သူ ပိုင်နယ်တီကန်ခွင့်ရသော်လည်း စည်ပင်ဂိုးသမား အောင်နိုင်စိုးကာကွယ်နိုင်ခဲ့၍ နှစ်သိမ့်ဂိုးတစ်ဂိုးပင် မရခဲ့ချေ။ နှစ်သင်းစလုံး အနိုင်ရရှိလျှင် အုပ်စုတက်မည်ဖြစ်၍ အားကုန်ထုတ်ကစားခဲ့ကြသည်။ မြို့တော်စည်ပင်အသင်းသည် သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးမှတ်ဖြင့် အုပ်စုတက်သွားပြီး တံခွန်မှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ သုံးမှတ်ဖြင့် အုပ်စုအဆင့်၌သာ ကျေနပ်ခဲ့ရသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(သုဝဏ္ဏကွင်း)
ကမ္ဘောဇနှင့် လယ်/ဆည်
(အောင်ဆန်းကွင်း)
ပတ္တမြားနဂါးနှင့် ကာကွယ်ရေး (ကြေးမုံ)

မျက်ထုတ်

တံခွန်မှ ဇင်မျိုးအောင်၏ ထိုးဖောက်မှုကို မြို့တော် စည် ပင် နောက်ခံလူ ထွန်းထွန်းနောင် ဖျက်ထုတ်ရန် ကြိုးပမ်းစဉ်။ (ကြေးမုံ)

❒ ရှမ်းတောင်တန်းမှ

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီးခရိုင်၌ မြို့နယ် ၁၀ခု၊ လွိုင်လင်ခရိုင်တွင် မြို့နယ် ၁၁ခုရှိပြီး လူဦးရေမှာ သိန်း ၂၀ နီးပါးရှိ၏။ ဒေသဝမ်းစာဖူလုံမှု ရာခိုင်နှုန်းမှာ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ၁၀၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစောဂျက်ဆင်က ပြောသည်။

ယခုအခါ ဒေသဝမ်းစာဖူလုံရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရွှေရင်အေး အထွက်ကောင်းစပါးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများ ရရှိကြောင်း လေ့လာတွေ့ရှိရ၏။ အဆိုပါ ရွှေရင်အေး အထွက်ကောင်းမျိုးစပါးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆယ်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က မူဆယ်၊ နမ့်ခမ်းဘက်တွင် စတင်ရှာဖွေတွေ့ရှိခဲ့ပြီး စမ်းသပ်စိုက်ပျိုးသုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပထမအဆင့်စမ်းသပ်မှုကို ၂၀၀၃ခုနှစ်တွင် ဇွန်ဟဲဟိုး မျိုးပွားခြံ၊ တာရော မျိုးစေ့ခြံ(ရွှေညောင်)၊ တာရော သုတေသနခြံ (ရွှေညောင်)တို့တွင် ပြုလုပ်ခဲ့ပြီး မြေပြန့်ဒေသဖြစ်သည့် သာစည်မြို့နယ်၌လည်း သုတေသနပြု စိုက်ပျိုးစေခဲ့သည်။

ရွှေရင်အေးစပါးသည် မူဆယ်၊ နမ့်ခမ်းဒေသတွင် ဖြစ်ထွန်းနေသော(SR–၄၅၆) စပါးမျိုးဖြစ်ပြီး အထွက်နှုန်းကောင်းခြင်း၊ စားသုံးမှု နူးညံ့ကောင်းမွန်ကြောင်း၊ မျိုးပွားသာ ဆက်လက်စိုက်ပျိုးနိုင်သော ဗီဇသန့်စပါးမျိုးဖြစ်ကြောင်း၊ ဒေသခံများ အကြိုက် အနည်းငယ်စေးသည့် အနေအထားရှိသည့် သက်လတ်မျိုးစပါးအသစ်ဖြစ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာ သုတေသနပညာရှင်များက တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြသည်။



ပါဝင်ဆင်နွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာ စိုက်ကွင်းတွင် ဇွန် ၂၅ ရက်က ရွှေရင်အေးစပါး ကောက်ရိတ်သိမ်းပွဲ ကျင်းပရာ တိုင်းရင်းသူများကလည်း ပါဝင်ဆင်နွဲကြစဉ်။

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

ရွှေရင်အေးစပါးအထွက်ကောင်းတယ်ဆိုတာ ကောက်လှိုင်းတွေက သက်သေခံနေပါတယ်။

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

ရွှေရင်အေးမျိုးစပါးကို စတင်စမ်းသပ်ရန်အတွက်၊ မျိုးစပါးကိုတင်သွင်းမှုအတွက် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ကုသိုလ်ဖြစ်လှူဒါန်းခဲ့ပြီး စမ်းသပ် အောင်မြင်မှုရရှိသည့်အခါ မျိုးစေ့ဖြန့်ဖြူးရေး၊ အကျိုးဆောင် တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ် ဆက်လက်ပံ့ပိုးကူညီရေး စသည်တို့ ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ အချိန်တိုတိုအတွင်း အောင်မြင်မှုရရှိခြင်းဖြစ်ကြောင်း သိရှိရသည်။

ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ရာ ဦးနေဝင်းထွန်းက "ကျွန်တော်တို့က အရှုံးအမြတ်ကို ပဓာနမထားပါဘူး၊ ကျွန်တော်တို့ ဆောင်ရွက်ပေးမှုကြောင့် တောင်သူတွေစီးပွားရေးအဆင်ပြေလာမယ်၊စိတ်ချမ်းသာကြမယ်ဆိုရင် ကျွန်တော်တို့အတွက် ကုသိုလ်ရတာပဲ၊ မျိုးကောင်းစပါးစိုက်ရင်လည်း ပိုက်ဆံရတာပဲဆိုတဲ့ အသိတရားတွေ၊ ဒေသခံ တိုင်းရင်းသားတွေ သိရှိနားလည်လာ မယ်ဆိုရင် ကျွန်တော်တို့ စွန့်စားရကျိုးနပ်ပါပြီ"ဟူ၍ ရိုးသားပွင့်လင်းစွာ ပြောသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်ကလည်းဒေသခံတိုင်းရင်းသားတောင်သူများ ဝမ်းစာဖူလုံရေးအတွက် လိုအပ်ချက်မှန်သမျှကို ပံ့ပိုးကူညီခြင်း၊ အထွက်ကောင်းစပါးမျိုးများ စိုက်ကြရန် တိုက်တွန်းအားပေးခြင်းများအပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းကြောင့် ဒေသဝမ်းစာဖူလုံမှု ရာခိုင်နှုန်းများ တိုးတက်လာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဇွန်လ ၂၅ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာ စိုက်ခင်းတွင် ကျင်းပပြုလုပ်ခဲ့သော ရွှေရင်အေးစပါးမျိုး နွေစပါးရိတ်သိမ်းပွဲတွင် စံကွက်တစ်ဧကကိုရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၄၇ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း မျက်မြင်တွေ့ရှိခဲ့ရသည်။ စပါးစိုက်ပျိုးမှုမှာ ရေ၊ မြေ၊ ရာသီဥတုနှင့် ချိန်ကိုက်၍ တွက်ဆရသည်။ မြေပြန့်စပါးကို တောင်ပေါ်တွင်စိုက်၍မရပေ။

ထို့အပြင် ဇွန်လ ၂၇ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အလယ်မြောင်းကျေးရွာ စိုက်ခင်းတွင်ကျင်းပသော ရွှေရင်အေးနွေစပါးရိတ်သိမ်းပွဲကိုလည်း တက်ရောက်ခွင့်ရရှိခဲ့ပြန်ရာ အဆိုပါ ကျေးရွာမှ လယ်သမားကြီး ဦးကဲပေါ်၏စံကွက်မှ တစ်ဧကအထွက်နှုန်း ၁၇၈ ဒသမ ၇၅ တင်းထွက်ရှိကြောင်း အားရဖွယ် တွေ့မြင်ခဲ့ရပြန်သည်။

ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ သလဲဦးကျေးရွာမှ ရွာသူ၊ရွာသားများကလည်း သူတို့ဒေသတွင် ရွှေရင်အေးစပါးအထူးအထွက်ကောင်းခြင်းကို ကိုယ်တွေ့မျက်မြင်ဖြစ်၍ ဝမ်းသာမဆုံးဖြစ်နေကြသည်။ ကောက်လှိုင်းစည်းများကို ခေါင်းပေါ်ရွက်၍ ကခုန်ပျော်ရွှင်မှုမြင်ကွင်းမှာ မြင်ရသူတို့ကိုပါ ဝမ်းသာအားရဖြစ်စေခဲ့သည်။

ရွှေရင်အေးမျိုးစပါး၏အထွက်ကောင်းမှုကြောင့် ဒေသခံတောင်သူများ ပျော်မြူးနေမှုမြင်ကွင်းကိုကြည့်ပြီး တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်အားလုံး ပီတိတွေလွှမ်းခြုံနေကြောင်းတွေ့မြင်ခဲ့ရသည်။

ကောက်ရိတ်သိမ်းပွဲတွင် ဦးနေဝင်းထွန်းက ရွှေရင်အေးစပါးကို စိုက်ပျိုးခြင်းဖြင့် သောကကင်းဝေးရွှေရင်အေးဟု တင်စားလိုကြောင်း၊ ဆန်စပါးအတွက် စိုးရိမ်ပူပန်ခြင်းမှ ကင်းဝေးကြပြီး ဒေသခံတိုင်းရင်းသားများ"ဆီကိုရေချိုး၊ ဆေးရိုးမီးလှူ၊စပါးတောင်လိုပုံ" ဆိုသည့်ဆိုရိုးစကားနဲ့အညီ မကြာမီကာလတွင် ရှမ်းပြည်နယ်၌ စပါးတွေတောင်လိုပုံတော့မည်ဟု မိမိထင်မြင်ယူဆမိကြောင်း တင်စားပြောကြားခဲ့သည်။

သလဲဦးကျေးရွာတွင် အထူးအထွက်ကောင်းသည့် ရွှေရင်အေးစပါး အောင်မြင်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သည့် အသက် ၆၈ နှစ်အရွယ်ရှိ တောင်သူ ဒေါ်အေးစိန်က "မိမိအသက် ၆၀ကျော်အတွင်း ဒီလိုအထွက်တိုးတဲ့ စပါးမျိုးကို မမြင်ဖူးမတွေ့ဖူးခဲ့ကြောင်း၊ ပြောမယုံကြုံဖူးမှ သိလာရတဲ့ ဒီရွှေရင်အေးစပါးကြောင့် မိမိတို့ဒေသမှ တောင်သူတွေရဲ့ရင်မှာ အေးမြပြီး စီးပွားဖြစ်ကြမှာမို့ ဝမ်းသာမဆုံးဖြစ်မိကြောင်း"ပြောပြသည်။

တောင်သူဦးကဲပေါ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ရွှေရင်အေးမျိုးစပါးကို တိုင်းမှူး၏ အားပေးတိုက်တွန်းမှုကြောင့် ၆–၁–၂၀၀၄ ရက်နေ့တွင် စတင်ပျိုးခဲ့ပြီး ၁၆–၁–၂၀၀၄ရက်နေ့တွင် စိုက်ခဲ့ကြောင်း၊ ယခု ဇွန်လ ၂၇ ရက်နေ့တွင် ရိတ်သိမ်းနိုင်ကြောင်း၊ အကွက်ခြောက်ကွက်ရှိသော တစ်ဧကကွက်အတွက် ယူရီးယားစွမ်းအား ဓာတ်မြေဩဇာနှစ်အိတ်၊ တီစူပါတစ်အိတ်၊ ပုလဲဓာတ်မြေဩဇာတစ်အိတ်၊ ပိုတက်စီယမ်အိတ်ဝက်၊ ကြံမှုပ်ချေးမြေဩဇာ (အိုင်အိုကွန်ပေါ်ဇာ)လေးအိတ်၊ အနုဇီဝသဘာဝမြေဩဇာဖြစ်သည့် EM ဘိုကာရှိ မြေဆွေး ၆ ပေ x ၃ ပေ x ၈ ပေ ၈ ပုံသုံးစွဲခဲ့ကြောင်း ပြောသည်။

ထို့အပြင်ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းကမှာကြားထားသည့်အတိုင်း တစ်ဧကကောက်ကွက်တွင် ပျိုးပင် ၁၇၄၀၀၀ သုံးစွဲခဲ့ပြီး (၉လက်မ x ၄လက်မ) စိုက်စနစ်ဖြင့် ပျိုးပင်များ စိုက်ပျိုးခဲ့ကြောင်းရှင်းပြသည်။

ရွှေရင်အေးစပါးမျိုးသည် စပ်မျိုးမဟုတ်၊ ကပြားမဟုတ်၊ တစ်နှစ်စိုက်ပျိုးပြီး နောက်နှစ်များတွင် မျိုးသုံးမရသော စပါးမျိုးမဟုတ်ဘဲ သန္ဓေသန့်၊ ဗီဇသန့်ပြီး မျိုးပွားနိုင်သည့် စပါးဖြစ်ကြောင်း၊ အအေးခံသည့်စပါးမျိုးဖြစ်၍ တောင်ပေါ်ဒေသနှင့် ကိုက်ညီမှုရှိကြောင်း၊ မြေဩဇာပိုမိုကျွေးလျှင် အထွက်နှုန်း ပိုကောင်းကြောင်း၊ အေးသောအခါ ဆန်ကမာမသွားကြောင်း စိုက်ပျိုးရေးပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။

ရွှေရင်အေးစပါး၏ အပင်အမြင့်သည် ၃ပေခွဲခန့်ရှိပြီးခိုင်မာမှုရှိ၍ ယိုင်လဲမှုကင်းသည်။ မြေပြန့်တွင်စိုက်ပါက တောင်ပေါ်နှုန်းထက် တစ်ဝက်ခန့်ထွက်သည်။ အပင်ပွားနှုန်းမှာ ၁၀ ပင်မှ ၁၄ပင်ရှိ၏။တစ်နှံပါသီးလုံးမှာ ၁၀၀မှ၁၄၀ အထက်ရှိပြီး စပါးစေ့မှာသွယ်၍ရှည်သည်။ဆန်စေ့အရွယ်အစားမှာ ၇ဒသမ ၄မီလီမီတာရှိပြီး ဧည့်မထအုပ်စုဝင်စပါးမျိုးဖြစ်ကြောင်း၊ ဆန်ရည်ဆန်သားကြည်လင်ပြီး နူးညံ့ကောင်းမွန်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်က ရှင်းပြသည်။

ရွှေရင်အေးစပါး စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်စေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစောဂျက်ဆင်၊ ရှမ်းပြည်နယ်မြေစာရင်းမှူး ဦးတင့်ဆန်း၊ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဟန်ခင်နှင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဖြိုးတို့သည် တိုင်းမှူးနှင့်အတူ ပြည်နယ်အတွင်း ကွင်းဆင်း၍ ရွှေရင်အေးစပါးမျိုး စိုက်ပျိုးထုတ်လုပ်မှုကို ပံ့ပိုးပေးခဲ့သဖြင့် ရွှေရင်အေးစပါးမှာ အချိန်တိုကာလအတွင်းအောင်မြင်မှုသရဖူဆောင်းခဲ့ခြင်းဖြစ်သည်။

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ခေါင်းဆောင်သော အထွေထွေမန်နေဂျာ မျိုးစေ့ဌာနခွဲမှ ဒေါက်တာမင်းအောင်၊ သုတေသနဌာနညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်၊ အထက်မြန်မာပြည်မျိုးစေ့တာဝန်ခံမန်နေဂျာဒေါ်ဌေးဌေးဝင်းနှင့်လက်ထောက်မန်နေဂျာ ဦးခင်မောင်ဝင်း၊ ဦးမြင့်အောင်တို့ကလည်း နည်းပညာပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီပေးခဲ့ကြကြောင်းသိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဒေသဆန်ဖူလုံရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ၁၀၀ ဒသမ ၃၀ ရာခိုင်နှုန်းပြည့်မီအောင် ကြိုးပမ်းခဲ့ပြီး ၂၀၀၄–၂၀၀၅ခုနှစ်တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် တိုင်းမှူးက တိုက်တွန်းမှာကြားခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဧရိယာဧကတိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေးနည်းလမ်းများ အသုံးပြုလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်ပြည်လုံးတွင် ဒေသဝမ်းစာ ဖူလုံရေးအတွက် ပေါင်းစပ်ဆောင်ရွက်ရမည့်နည်းလမ်းကြီး လေးသွယ်ကို ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ စိုက်နည်းစနစ်မှန်ကန်ရေး၊သီးနှံအလိုက် အထွက်ကောင်းမျိုးကို သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့်ဒေသထွက် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက်ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးတို့ဖြစ်သည်။ ရွှေရင်အေးမျိုးစပါးမျိုးကို ရှာဖွေတွေ့ခဲ့ခြင်းသည် အထွက်ကောင်းမျိုးသုံးစွဲရေးဟူသော လမ်းညွှန်မှာကြားချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း တိုင်းမှူးက ရှင်းလင်းပြောကြားသည်။

တိုင်းမှူးသည် စာပေဝါသနာပါသူပီပီ ရွှေရင်အေးစပါး၏ အောင်မြင်မှုနှင့်ပတ်သက်၍ ခံစားစပ်ဆိုထားသော စာချိုးကလေးများကို ကောက်ရိတ်သိမ်းပွဲများတွင် ရွတ်ဆိုပြလေ့ရှိကြောင်း သိရသဖြင့် အောက်ပါအတိုင်း လက်ဆင့်ကမ်းတင်ပြလိုက်ရပါသတည်း။

စားလို့ကောင်း
ဈေးကွက်ကောင်း
အထွက်လည်း စိတ်ချရ
မျိုးလည်း စိတ်မပူရတဲ့
စိုက်သူ–စားသူတို့၏
ရွှေရင်ကို အေးစေမယ့်
ရွှေရင်အေးစပါးမို့
အရှိန်အဟုန်မြှင့်–စိုက်ကြစို့။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ်(၂)နေ ကွယ်လွန်သူ ဘဘဦးခင်မောင်အား ရည်စူး၍ ဇနီး ဒေါ်သန်းစိန် သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ ဇွန် ၂၈ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးသရုပ်ပြမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ အင်းမတပ်နယ်မှ ဗိုလ်မှူးကြီးခင်ဇော်ဦးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ပြည်မြို့မှ ပြည်–ပန်းတောင်း ကားလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ မိုးစပါးစိုက်ပျိုးရန်အတွက် ထွန်ယက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် တောင်ဘွေကျေးရွာ တောင်သူပညာပေးစခန်း၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက တောင်သူ ဦးမောင်ညို၏ လယ်မြေခုနစ်ဧက၌ နေရာအလိုက်အပင်အာဟာရ ထည့်သွင်းနည်းပညာ သရုပ်ပြသမှု၊ ခေတ်သစ်ပျိုးထောင်စိုက်စနစ် နည်းပညာ သရုပ်ပြသမှု၊ တောင်သူကိုယ်တိုင် တစ်နိုင်တစ်ပိုင် စပါးမျိုးသန့် မွေးမြူစိုက်ပျိုးခြင်း နည်းပညာ သရုပ်ပြသမှုနှင့် ခေတ်သစ်ကြိုးတန်းကာ စပါးတိုက်ရိုက်အစေ့ချ နည်းပညာသရုပ်ပြသနေမှုတို့နှင့် စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးရန် ထွန်ယက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးစန်းမောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ်တောင်ဘွေကျေးရွာမှ ဒေသခံတောင်သူများအား တွေ့ဆုံကာ စပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူပညာပေးစခန်းတွင် သရုပ်ပြ ပြသလျက်ရှိသည့် ဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းမှု နည်းပညာ၊ခေတ်သစ်ပျိုးထောင်စိုက်ပျိုးမှုစနစ် နည်းပညာ၊ ခေါင်နှံရွေးချယ်၍ စပါးမျိုးသန့်များ စိုက်ပျိုးမွေးမြူနည်း နည်းပညာ၊ ခေတ်သစ်ကြိုးတန်းစနစ်ဖြင့် တိုက်ရိုက်အစေ့ချနည်းပညာများကို လေ့လာ မှတ်သားသင်ယူကြပြီး မိမိတို့၏ လယ်မြေများအား အဆိုပါ နည်းပညာများဖြင့် စိုက်ပျိုးသွားကြရန်နှင့် တောင်သူများ၏ လက်ရှိအထွက်နှုန်း အခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီးတွေ့ဆုံ မှာကြားသည်။

ယင်းနောက်ကြိုးတန်းကာ တိုက်ရိုက် အစေ့ချနည်းပညာ သရုပ်ပြသ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ကြိုးတန်းစနစ်ဖြင့် စပါးတိုက်ရိုက်အစေ့ချနည်းပညာ သရုပ်ပြပွဲတွင် ယခင်က စပါးပျိုးများကို ပျိုးထောင်စိုက်ပျိုးနေခြင်းအစား ကြိုးတန်းဆွဲကာ စပါးစေ့ကို တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းဖြစ်သည်။

ထိုကဲ့သို့ စိုက်ပျိုးခြင်းဖြင့် တောင်သူများသည် ပျိုးထောင်ရန် မလိုအပ်ခြင်း၊ ကောက်စိုက်ရန် မလိုအပ်ခြင်း၊ ပျိုးနုတ်ကောက်စိုက် စရိတ်အကုန်အကျခံရန် မလိုအပ်ခြင်း၊ ကောက်စိုက်သမရှားပါးမှု အခက်အခဲမရှိခြင်း၊ ပျိုးနုတ်ကောက်စိုက် အပင်လှန့်ချိန်များမရှိ၍ တိုက်ရိုက်ကြီးထွားနိုင်ပြီး သက်တမ်းပို၍ ငယ်စေခြင်း၊ သီးထပ်စပါးသီးထပ်သီးနှံ စိုက်ပျိုးရေးကို များစွာ အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပန်းတောင်းမြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များ ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာမှ ဒေသခံတောင်သူများ ပညာပေး တိုက်ရိုက် အစေ့ချနည်းပညာ သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိသားစုဝင်ငွေတိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ကြရေး မှာကြားပြီး အရာရှိ၊စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ပန်းတောင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ဆရာဝန် ဒေါက်တာမြမြအေးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ပန်းတောင်းမြို့နယ်မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးနှင့် အဖွဲ့သည် ဆေးရုံ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် သွားဘက်ဆိုင်ရာဌာနကို ကြည့်ရှုပြီး အမျိုးသမီးလူနာဆောင်သို့ ရောက်ရှိကာ အမျိုးသမီးလူနာဆောင်၌ တက်ရောက် ကုသနေကြသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် သားဖွားဆောင် သားဖွားခန်းနှင့် ခွဲစိတ်ခန်း၌ ခွဲစိတ်ကိရိယာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန် ဒေါက်တာမြမြအေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆေးစတိုခန်း၌ ဆေးဝါးများသိုလှောင်ထားရှိမှုကိုလည်းကောင်း၊ အမျိုးသားလူနာဆောင်ကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးနှင့် အဖွဲ့သည် ပန်းတောင်း–ဆင်တဲ–ပြည်ကားလမ်းအတိုင်း ကားလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပန်းတောင်းမြို့မှ ပြန်လည် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြည်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ပြည်မြို့တွင် ညအိပ်ရပ်နားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဇွန် ၂၆ ရက် နံနက် ၈နာရီခွဲတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းတို့ လိုက်ပါလျက် ပြည်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၉ နာရီတွင် အင်းမတပ်နယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တပ်နယ်ခန်းမ၌ အင်းမတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်ရင်းတပ်ဖွဲ့အလိုက် မိသားစု တစ်ခုချင်းစီ၏ ဝင်ငွေတိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် အင်းမတပ်နယ်မှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် ပေါင်းတည်မြို့ မှိုမြို့တော် ကောက်ရိုးမှိုမျိုး ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင်ဦးတင်ကြည်က ကောက်ရိုးမှိုမျိုး ထုတ်လုပ်မှုအဆင့်ဆင့်မှိုမျိုး ထုတ်လုပ်မှုအခြေအနေနှင့် အထွက်နှုန်း၊ ပြုစုပျိုးထောင်ရန် လိုအပ်ပုံအဆင့်ဆင့်၊ စိုက်ပျိုးပြီးနောက် ရက်အလိုက် ဆောင်ရွက်မှု အဆင့်ဆင့်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်၊ အလင်းရောင်၊ အာဟာရ စသည့်မှို စိုက်ပျိုးရာတွင် လိုအပ်သော အခြေအနေများ၊ ပညာပေးဆောင်ရွက်မှု အခြေအနေ၊ မှိုစိုက်ပျိုးလိုသူ ဒေသခံများအား ဖြန့်ဖြူးရောင်းချပေးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မှိုမျိုးထုတ်လုပ်ရန် ဆောင်ရွက်မှုအဆင့်ဆင့်နှင့် ကောက်ရိုးမှိုစိုက်ပျိုးမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မိုနိမှိုမျိုး ဇုန်လုပ်ငန်းသို့ ရောက်ရှိကြပြီး လင်ဇီမှိုအား တိုင်းရင်းဆေးအဖြစ် ထုတ်လုပ်ထားရှိမှုများနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြရာ လုပ်ငန်းရှင် ဦးဆလိုင်းကျင်ဒိုးထန်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မိုနိကောက်ရိုးမှိုမျိုးထုပ်များ ထုတ်လုပ်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

မိုနိမှိုမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းသည် လင်ဇီမှိုကို တိုင်းရင်းဆေးဝါးအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိသည့်အပြင် မိုနိကောက်ရိုးမှိုမျိုးထုပ်များကိုလည်း ထုတ်လုပ်ရန် ရန်ကုန်ဈေးကွက်အထိ အစို၊ အခြောက် ပြုပြင်ထုပ်ပိုးဖြန့်ဖြူး ရောင်းချကာ ကောက်ရိုးမှိုစိုက်ပျိုးလိုသော ဒေသခံတောင်သူများကိုလည်း စိုက်ပျိုးနည်းစနစ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ပေါင်းတည်မြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒဂုံမြို့နယ် (တောင်ပိုင်း) စက်မှုဇုန် အမှတ်(၂)နှင့် အမှတ်(၃)တာဝန်ခံ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ဒဂုံမြို့နယ်(တောင်ပိုင်း) စက်မှုဇုန်အမှတ်(၂)နှင့် အမှတ်(၃)တာဝန်ခံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်လိုက်ပါလျက် ဇွန် ၂၇ ရက်က မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် အမှတ်(၂) စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံးသို့ ရောက်ရှိပြီး ရန်ကုန်(အရှေ့ပိုင်း)ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒဂုံမြို့နယ် (တောင်ပိုင်း) စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ စက်မှုဇုန် အမှတ်(၂)နှင့် အမှတ်(၃)တို့မှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဇုန်အတွင်းမှ လုပ်ငန်းရှင်များအား အမှာစကားပြောကြားသည်။

ဝန်ကြီးက နိုင်ငံတော်၏ အမျိုးသားကုန်ထုတ်လုပ်မှု တန်ဖိုးနှင့် စက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးတို့ ဆက်စပ်လျက်ရှိကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်နိုင်ငံတော်အနေနှင့် လိုအပ်သည့်ပံ့ပိုးမှုများ ဖြည့်ဆည်းပေးမည် ဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းရှင်များကလည်း နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ဝိုင်းဝန်းကြိုးပမ်းသွားရန် လိုကြောင်းပြောကြားသည်။

ဆက်လက်၍ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ စက်မှုဇုန် အမှတ်(၂) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ စက်မှုဇုန်အမှတ်(၃) စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစက်ရေး၊ UCM မော်တော်ယာဉ်ထုတ်လုပ်ရေးမှ လုပ်ငန်းရှင် ဦးချစ်မောင်နှင့် KSW မော်တော်ယာဉ်ထုတ်လုပ်ရေးမှ လုပ်ငန်းရှင် ဦးကျော်စိုးဝင်းတို့က လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အစီအမံများကို ပြန်လည်ပြောကြားပြီး စက်မှုဇုန်အမှတ်(၂)မှ Beautiful Island ကြိမ်လုပ်ငန်း၊ စန္ဒာဟိန်းအထည်ချုပ်လုပ်ငန်း၊ Metronic General Electronic ရွှေကျော်စက်မှုလက်မှုလုပ်ငန်း၊သောင်းစက်မှုလက်မှု တွင်ခုံထုတ်လုပ်ရေး လုပ်ငန်း၊ စက်မှုဇုန်အမှတ်(၃)မှ UCM မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ KSW မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်း၊ အောင်သာအင်ဂျင် ရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်း၊သန်းအောင်စက်မှုလက်မှု၊ အောင်အထွေထွေစက်မှုအလုပ်ရုံနှင့် Young Power Electric Machinery Emporium တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယ ဝန်ကြီးသူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ဒဂုံ စက်မှုဇုန်အမှတ်(၂)ရှိ စက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း သုံးနှစ်ဆက်ဗိုလ်စွဲ

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇွန် ၂၀

၂၀၀၄ ခုနှစ် ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီး အသင်းတို့ တံခွန်စိုက်ဒိုင်းဆုများ ဆွတ်ခူးရရှိသွားသည်။

အမျိုးသမီး ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲသွားကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က အမျိုးသမီးပြိုင်ပွဲ ပူးတွဲ တတိယဆုရ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုးသိမ်းက အမျိုးသားပြိုင်ပွဲ ပူးတွဲတတိယဆုရ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရ ကယားပြည်နယ်နှင့် အမျိုးသားပြိုင်ပွဲ ဒုတိယဆုရ ရန်ကုန်တိုင်းတို့ကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းနှင့် အမျိုးသားပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့ကိုလည်းကောင်း တစ်ဦးချင်းဆု တံဆိပ်များ ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးစိန်သောင်း(အထွေထွေမန်နေဂျာ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်)က ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုရ သင်းသင်းမြတ်(ရန်ကုန်)နှင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ ထွန်းထွန်းဦး(ရှမ်းပြည်နယ်တောင်ပိုင်း) တို့အား လည်းကောင်း ဆုတံဆိပ်များ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကောင်းဆုံးအားကစားသမားဆုရရှိသူနှစ်ဦးအား ဆုကြေးကျပ်နှစ်သောင်းစီ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင် တတိယဆုရရှိသော အသင်းများအား ဆုကြေး ကျပ်ခုနစ်သောင်းစီ၊ ဒုတိယဆုရရှိသော အသင်းများအား ဆုကြေးကျပ်တစ်သိန်းစီ၊ ပထမဆုရရှိသော အသင်းများအား ဆုကြေးကျပ်တစ်သိန်းခွဲစီ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆုသုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားဘော်လီဘောအသင်း။[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

ဆက်လက်၍ ဝန်ကြီးက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားအသင်းသည် ယခုအကြိမ်အပါအဝင် ပထမ တံခွန်စိုက်ဒိုင်းဆုကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိသွားခြင်း ဖြစ်သည်။

သုံးနှစ်ဆက်တိုက်ချန်ပီယံ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအား ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ အုပ်ချုပ်သူ ဦးမောင်မောင်လောက်က "မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် ယခုပြိုင်ပွဲတွင် ချန်ပီယံဒိုင်းဆုကို လေးကြိမ် ဆွတ်ခူးရရှိခဲ့ပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပခဲ့သည်မှာ (၁၀)ကြိမ်ရှိပြီဖြစ်ပြီး မိမိတို့ ပြည်နယ်အနေဖြင့် ဗိုလ်လုပွဲသို့ ခြောက်ကြိမ်တက်ပြီး လေးကြိမ်ဗိုလ်စွဲကြောင်း၊ နှစ်ကြိမ်တွင် ပြိုင်ပွဲမဝင်ခဲ့ကြောင်း၊ ဗိုလ်စွဲခဲ့သော လေးကြိမ်မှာ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၃နှင့် ယခုအကြိမ်တို့ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ဗိုလ်စွဲခြင်းမှာ နည်းပြဆရာများ၏ စီစဉ်ညွှန်ကြားမှုကောင်းခြင်း၊ ကလေးတွေကြိုးစားကြ၍ဖြစ်ကြောင်း၊ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ရာ အသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်နှင့် နည်းပြ ဦးခင်မောင်ဝေတို့ လက်ခံယူကြစဉ်။
[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

ပြည်နယ်မှ တာဝန်ရှိသူများ၏ ပံ့ပိုးအားပေးမှုကလည်း မိမိတို့အသင်းကို ချန်ပီယံ ဖြစ်စေရန်များစွာ အထောက်အကူပြုခဲ့ကြောင်း၊ ကလေးတွေကို ဗိုလ်လုပွဲတွင် ပြတ်ပြတ်သားသားအနိုင်ရမည်ဟု စိတ်ဓာတ်မြှင့်ပေးခဲ့ကြောင်း၊ ကလေးတွေကလည်း မှာသည့်အတိုင်း ကြိုးစားကြ၍ ဗိုလ်စွဲခြင်းဖြစ်ကြောင်း၊ လာမည့်ပြိုင်ပွဲများတွင်လည်းအောင်မြင်မှုအစဉ်အလာကောင်းများကို ထိန်းသိမ်းရန်ကြိုးစားမည်ဖြစ်ကြောင်း" ပြောကြားသည်။အုပ်ချုပ်သူဦးမောင်မောင်လောက်သည် တံခွန်စိုက် ဒိုင်းသုံးနှစ်ဆက်တိုက်ရသောအသင်းတွင် သုံးကြိမ်စလုံး အုပ်ချုပ်သူအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သူဖြစ်သည်။

နည်းပြ ဦးခင်မောင်ဝေက ပြိုင်ပွဲအနေအထား၊ ပြင်ဆင်ခဲ့ပုံများနှင့် ပတ်သက်၍ပြောကြားရာတွင် "မိမိအနေဖြင့် အင်းလေးတွင် ကျင်းပသည့် ဘော်လီဘောပွဲများကိုကြည့်ပြီး လူငယ်ကစားသမားကောင်းများကို စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြောင်း၊ မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် အုပ်စုပွဲ၌ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းကို သုံးပွဲပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်တွင် ကရင်ကို သုံးပွဲပြတ်ဖြင့် ဆက်လက် အနိုင်ရရှိခဲ့ကြောင်း၊ ဆီမီးဖိုင်နယ်တွင် စစ်ကိုင်းတိုင်းကို သုံးပွဲ-နှစ်ပွဲ၊ ဖိုင်နယ်တွင် ရန်ကုန်တိုင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း၊ မိမိကလေးများသည် ရာသီဥတုပူ၍ ပွဲချိန်ကြာလာချိန်တွင် ကစားအား အနည်းငယ် ကျသွားတတ်ကြောင်း၊ ဆီမီးဖိုင်နယ်တွင် စစ်ကိုင်းတိုင်းနှင့်ပွဲ၌ မိမိတို့ဘက်က နှစ်ပွဲစနိုင်ပြီးမှ နှစ်ပွဲပြန်ရှုံးခဲ့ကြောင်း၊ နောက်ဆုံးပွဲငယ်ကို အနိုင်ရအောင် ကြိုးစားကစားခဲ့ရကြောင်း၊ ဗိုလ်လုပွဲတွင် ဆီမီးဖိုင်နယ်ပွဲကလို ကလေးတွေ မမှားအောင် အသေအချာပြင်ဆင်ပေးခဲ့၍ ပြတ်ပြတ်သားသား ဗိုလ်စွဲခဲ့ကြောင်း၊ မိမိတို့အသင်းကို ပြည်နယ် တာဝန်ရှိသူများက ပံ့ပိုးပေးသလို အုပ်ချုပ်သူ ဦးမောင်မောင်လောက်က အစားအသောက်၊ အနေအထိုင်ကအစ လိုလေသေးမရှိ ပံ့ပိုးပေးကြောင်း"ဖြင့် ပြောကြားသွားသည်။

ဒသမအကြိမ် ပြည်နယ်နှင့် တိုင်း (ယူ-၁၉)ဘော်လီဘောပြိုင်ပွဲကားပြီးစီးသွားခဲ့ပြီဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းများဆွတ်ခူးကာ မိမိတို့၏ ပြည်နယ်နှင့်တိုင်း၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြပြီဖြစ်သည်။

(ကြေးမုံ)

သွေးချို၊ဆီးချိုပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ် သွေးချိုတိုင်းစက် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

B- Braun နှင့် Concordia International Co.,Ltd.တို့ပူးပေါင်းစီစဉ်ကျင်းပသည့် သွေးချို၊ ဆီးချို ပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲနှင့် သွေးချိုတိုင်းစက် (Omnitest EZ Blood Glucometer) မိတ်ဆက်ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသော ဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှတာဝန်ရှိပုဂ္ဂိုလ်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ B-Braun နှင့် Concordia International Co., Ltd.တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ကျင်းပရာ Concordia International Co., Ltd.မှမန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန်းဝင်းက သွေးချို၊ဆီးချို ပညာရပ်ဆိုင်ရာနှင့် အိုမ်နီတက်(Omnitest) သွေးချိုတိုင်းစက် ကိရိယာအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သွေးချို၊ဆီးချို ပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲနှင့် သွေးချိုတိုင်းစက် မိတ်ဆက်ပွဲကို ကျင်းပရာ သဘာပတိ ပါမောက္ခ ဒေါ်ခင်ရဲမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်(၂)မှ တွဲဖက် ပါမောက္ခ ဦးတင့်ဆွေလတ်က သွေးချို၊ ဆီးချို ကုသခြင်းဆိုင်ရာ ရည်မှန်းချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) တွဲဖက်ပါမောက္ခဒေါ်သန်းသန်းအေးက သွေးချိုတိုင်းကိရိယာ အသုံးပြုရာ၌ သိထားသင့်သည့်အချက်အလက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် B-Braun Medical Industries (Asia Pacific) မှ ဈေးကွက်မန်နေဂျာ Mr. Wong Liang Min က အရည်အသွေးမြင့် ဂျာမန်နည်းပညာဖြင့် ပြုလုပ်ထားသည့် ဆီးချို၊သွေးချိုပျောက် ဆေးဝါးများ၏ ထူးခြားသော အာနိသင်များအကြောင်းနှင့် ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် အထူးသင့်လျော်သော B-Braun Omnitest EZ Blood Glucometer လက်တွေ့ အသုံးပြုပုံများကို ရှင်းလင်းပြောကြား သရုပ်ပြသသည်။ (သတင်းစဉ်)

B-Braun နှင့် Concordia International Co., Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးချို၊ ဆီးချို ပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲနှင့် Omnitest EZ Blood Glucometer သွေးချိုတိုင်းစက် မိတ်ဆက်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်၌ ကျင်းပရာ အခမ်းအနားသဘာပတိ ပါမောက္ခ ဒေါ်ခင်ရဲမြင့် အဖွင့်အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

ကရာတေးဒိုပြိုင်ပွဲနှင့် ဒိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၀၄ ခုနှစ် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆုကြေးငွေ

ပြိုင်ပွဲတွင် ဆုကြေးငွေများ ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ရာ အမျိုးသမီး အသင်းလိုက် တံခွန်စိုက်ပထမဆု ငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဆု ငွေကျပ်၂၀၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်မည်။

အလားတူ အမျိုးသားအသင်းလိုက်တံခွန်စိုက် ပထမဆု ငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၂၀၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်မည် ဖြစ်သည်။

ပြိုင်ပွဲ၌ အကောင်းဆုံး အားကစားသမားဆုရရှိမည့် အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးတို့အား ဆုကြေးငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

(၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးများ လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ကရာတေးဒို ဒိုင်လူကြီးသင်တန်း(၁/၂၀၀၄)ကို ဇူလိုင် ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ အဖွဲ့ချုပ်ဒိုင်လူကြီးလိုင်စင် ရရှိထားသူဖြစ်စေ၊ ဒိုင်လူကြီးလူသစ်ဖြစ်စေ ပြည်နယ်နှင့်တိုင်းတစ်ခုမှ နှစ်ဦးအထိတက်ရောက်နိုင်သည်။

ဒိုင်လူကြီးသင်တန်းကာလအတွင်း စားသောက်ရေးနှင့် တည်းခိုရေးကိစ္စအဝဝကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ သင်တန်းတက်ရောက်ကြမည့် ဒိုင်လူကြီးများသည် ဇူလိုင် ၂၀ရက် ညနေ၄နာရီခွဲ နောက်ဆုံးထား၍ သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ရုံးခန်းသို့ ကိုယ်တိုင်ရောက်ရှိ သတင်းပို့ရမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးအသစ် တစ်ဦးစီအတွက် ဒိုင်ဝတ်စုံစရိတ်ငွေကျပ် ၅၀၀၀စီ ချီးမြှင့်မည်ဖြစ်သည်။(သတင်းစဉ်)

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း' ဒါန

⌘ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး
လုပ်ငန်းကော်မတီက ဦးဆောင်လျက်"ထာဝရ ဒါန"
"အရိပ်အလှူ ပန်းအလှူ"ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⌘ "မနာပ ဒါယီ လဘတေ မနာပံ"
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⌘ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း...တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်
ဆောက်လုပ်လှူဒါန်းခြင်း...နှင့်
ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⌘ **"သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"**
ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း
ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင်
ဘက်စုံထောင့်စုံ အာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက်
"အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⌘ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကျ ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

⌘ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို
သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

		လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း(၅ပေအမြင့်)
အရိပ်ရပင် –	ဆီအုန်း	၃၂	၅၀၀၀၀ ကျပ်
	ကြိမ်ထန်း	၁၇၉	၅၀၀၀ ကျပ်
	အုန်းငှက်ပျော	၁၆	၁၅၀၀၀ ကျပ်
ပန်းအလှပင် – (Ground Cover)	ဗုဒ္ဓံသရဏံ	၂၃၅၆၈၀	၅၀ ကျပ်
	ရွက်လှ	၆၁၇၈	၁၅၀ ကျပ်
	ပိန်း	၁၃၉၄	၂၀၀၀–၁၀၀၀၀ ကျပ်
	ရွှေဝါ	၃၄၉၇	၁၂၀၀ကျပ်
	ကြက်တူရွေး	၅၈၈၇၅	၂၀၀ ကျပ်
	ခေါင်ရန်း	၁၂၆၅၅	၁၅၀ ကျပ်
	ပုဏ္ဏရိုက်ကြီး	၂၅၉၁၉	၅၀၀ ကျပ်
	စံပယ်	၁၁၉၄၀	၂၅၀ ကျပ်
	ကြိမ်စပ်	၈၀၀	၇၀၀ ကျပ်
	ဒန့်ဒကူး	၁၃၇၁	၅၀၀ ကျပ်
	နဂါးစက်ဂမုန်း	၈၅၀	၂၀၀ ကျပ်
	ပျိုမနိုင်	၄၂၀	၂၀၀ ကျပ်
	ဗုဒ္ဓံသရဏံ(အရွက်နီ)	၂၈၀၀	၂၅၀ ကျပ်
	ချင်းနီ	၂၆၇၀	၂၅၀ ကျပ်
	ကိုင်းမြက်	၂၈၀၀၀	၂၀၀ ကျပ်
	ကိုယ်ရုံလေး	၁၅၈၆၀	၁၅၀ ကျပ်
	စလူ	၂၀၉၅	၅၀၀ ကျပ်
	ယိုးဒယားပိစပ်	၈၆၈၉၅၀	၅၀ ကျပ်
	ချင်းကြား	၁၂၀၀	၂၀၀ ကျပ်
	ဝါးမြက်	၈၉၉၈၅	၂၀၀ ကျပ်
	ပိတ်စွယ်	၉၀၀၀၀	၂၀၀ ကျပ်

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန
လှူဒါန်းရန်ကာလ – ယနေ့စ၍ ဩဂုတ်လကုန်အထိ
ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး
(ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

ငွေရတု မင်္ဂလာ ဆုတောင်း

ချစ်သော ဖေဖေဦးရဲထွန်းမြင့် နှင့် မေမေဒေါ်နွဲ့နွဲ့ဝေ တို့၏ (၁.၇.၂၀၀၄) တွင် ကျရောက်သော ငွေရတု မင်္ဂလာရက်မြတ်မှသည် ချစ်သမီးများနှင့်အတူ သက်ဆုံးတိုင် ကြည်နူးချမ်းမြေ့သော ဘဝ ခရီးကို လျှောက်လှမ်းနိုင်ပါစေ။

သမီးကြီး-မေမွန်ထွန်းမြင့်
သမီးလတ်-တင်ဇာထွန်းမြင့်
သမီးငယ်-ခင်မီထွန်းမြင့်

မှုလပိုင်ရှင်ထံမှ မြေကွက်များ အမြန်ဝယ်လိုသည်။
☎ 382404,382379

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၂၈၁၄၆ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (မင်းဘူး) သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

---

(၆၀)နှစ်မြောက် မင်္ဂလာ စိန်ရတုအကြိုဆုပန်လွှာ

အန်ကယ်ဦးသိန်းညွန့်နှင့် အန်တီဒေါ်မြကြည်တို့၏ ၂၉–၆–၂၀၀၄ ရက်တွင် ကျရောက်ခဲ့သော (၆၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် မိသားစုအားလုံးနှင့် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .။

ဦးတင်ဝင်း+ဒေါ်ခင်ဆွေဝင်း။

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	1:00 - 3:00 p.m. 3.7.04 Sat + Sun 10:00 - 11:30 a.m. 5.7.04 Mon to Thu
INTERMEDIATE ENGLISH	6:00 - 7:30 p.m. 6.7.04 Tue to Fri 10:00 - 12:00 a.m. 8.7.04 Thu to Sat

ဖုန်း ⇨ 202046

Y.E.S.

Basic Spoken English : JUNE-26,JULY-12,19,24,26
Pre-Intermediate English : JUNE - 26, JULY-19,26
SAT (I), Intermediate English : JULY - 6, 19
Academic Writing, Basic Writing : JULY-17,19
Grammar Foundation Course : JUNE - 28
SAT (II) / AE, IELTS, TOEFL, VEC : JULY - 19
No.115, Y.W.C.A Building, Bogalayzay Street, Botataung TSP,
245821

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၃၀)ရက်
တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(၃)ထပ် အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟသ်ာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။
၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။
၃။ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။
၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၄၂၈၇၃၊ ၅၄၃၃၃၆

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

1. Accountant (B.Com/LCCI III/DA) ကျား/မ(၃)ဦး
Computerized Accounting ...
2. ကျား(၃)ဦး
3. ကျား(၅)ဦး
4. Admin Assistant ကျား/မ(၂)ဦး
5. Sales Representative ကျား/မ(၁၀)ဦး



ဆဲဗင်းဒေးနယူးစ်ဂျာနယ်
အတွဲ(၃)၊ အမှတ်(၁၅)ဖြန့်ချိ
ရန်ကုန် ဇွန် ၃၀

နိုင်ငံတကာအဆင့်မီ ကြက်တောင်ရိုက်သီးသန့် သုံးထပ်အားကစားရုံ ဆောက်လုပ်ပြီးစီးလု၊ အဲအေရှ လေကြောင်းလိုင်းများ မြန်မာ့ဈေးကွက် အလားအလာ စိတ်ဝင်စား၊ ဗန်ကောက်မြေအောက်ရထားလိုင်းသစ် မကြာမီ ဖွင့်လှစ်တော့မည်၊ ဆား(စ်)ကပ်ရောဂါသည် မျက်ရည်မှလည်း ကူးစက်နိုင်စသည့် သတင်းဆောင်းပါးစုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။
(က–ပ)

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးဖောက်လုပ် ပွင့်လင်းရာသီတွင် ကတ္တရာလမ်းခင်းရန် ကျောက်များစုဆောင်းထား

မိတ္ထီလာ ဇွန် ၂၅

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ – တာချီလိတ် ပြည်ထောင်စုလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၄ ခုနှစ်မှ စတင်တိုးချဲ့ ဖောက်လုပ်လျက်ရှိရာ ၂၀၀၆ ခုနှစ်တွင် ကတ္တရာလမ်းမကြီးအဖြစ် အပြီးဖောက်လုပ်သွားမည်ဖြစ်သည်။

ဖောက်လုပ်

မိတ္ထီလာ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးဖောက်လုပ်ရာတွင် မိတ္ထီလာမှ သာစည်မြို့နယ် ယင်းမာပင်ရွာအထိ ၃၆ မိုင်လမ်းမကြီးကို မိတ္ထီလာခရိုင် ဆောက်လုပ်ရေးဌာနမှ ခရိုင်အင်ဂျင်နီယာမှူး ဦးဆောင်မှုဖြင့် သာစည်မြို့နယ်တွင် ဆောက်လုပ်ရေးမြို့နယ်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

သာစည်မြို့နယ် ဆောက်လုပ်ရေးအင်ဂျင်နီယာနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် မိုင်တိုင်အမှတ်(၀/၀)မှ သာစည်မြို့နယ် ယင်းမာပင် မိုင်တိုင်အမှတ် ၃၆/၀ အထိ လမ်းပခုံးအကျယ်ပေ ၄၀ အထိ ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ မိတ္ထီလာ၊ သာစည်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးဖောက်လုပ်ရာတွင် တောင်များကို စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်း၊ မြေသားလမ်းကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် လမ်းအကျယ်ပေ ၄၀ ဖောက်လုပ်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မိတ္ထီလာ၊ သာစည်မြို့နယ်အတွင်းရှိ မိတ္ထီလာ–တာချီလိတ်လမ်းမကြီးကို ယခင် ၁၂ ပေ ကတ္တရာလမ်းမှ ခြောက်ပေတိုးချဲ့၍ ၁၈ ပေ ကတ္တရာလမ်းမကြီးအဖြစ် ဖောက်လုပ်သွားမည်ဖြစ်သည်။

ပွင့်လင်းရာသီတွင် ကတ္တရာလမ်းခင်းရန် ကျောက်များ စုဆောင်းထားပြီးဖြစ်သည်။

(၁၁၁)

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအနက် အမှတ်(၄)ရပ်ကွက် ရုံးလမ်း ကျောက်ချောခင်းခြင်းကို ဇွန် ၁၁ ရက်တွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစံရွှေသာက ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

မြဝတီ ဇွန် ၂၆

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်၏ ၂၀၀၄ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၉ ရက် နံနက်က မြဝတီမြို့ မြစန္ဒီဂေါက်ကွင်း၌ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မောင်မြင့်နှင့် တပ်မတော်အရာရှိများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့် ကော်မတီဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှုပိုနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြသည်။

စိုက်ပျိုး

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမောင်မြင့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးတို့က သစ်ဆိမ့်ပင်ကို စတင်စိုက်ပျိုးပေးသည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

ဇွန် ၂၄ ရက်က တောင်ကုတ်မြို့နယ်၌ ချောင်းရေလျှံပြီး မြို့တွင်းလမ်းများတွင် ရွှံ့နုန်းများတင်ကျန်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့မှ ဝန်ထမ်းများ စုပေါင်း၍ ဇွန် ၂၅ ရက်က လမ်းများပေါ်မှ ရွှံ့နုန်းများကို ရှင်းလင်းကြစဉ်။

(မြို့နယ်စည်ပင်)



မြို့နယ်တာဝန်ရှိသူများ လယ်သမားများနှင့်တွေ့ဆုံ စီမံကိန်းသီးနှံ အပြည့်စိုက်ပျိုးရေး မှာကြား

ပင်လယ်ဘူး ဇွန် ၁၉

ပင်လယ်ဘူးမြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မြိုင်၊ မြို့နယ်ပညာရေးမှူးဦးဘိုချိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးချိမောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန လ/ထ ဦးစီးမှူးဦးစောမောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းလ/ထမန်နေဂျာဦးမြင့်သန်းထူးတို့သည် ဇွန် ၆ ရက်က ခေါင်းဘွားကျေးရွာအုပ်စု ပေကုန်းရွာအခြေခံပညာမူလတန်းကျောင်း၌ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီးငါးရပ် အကောင်အထည်ဖော်ရေး၊ စာကြည့်တိုက်ဖွင့်လှစ်ရေး၊ တုံးဖလားဆည်တည်ဆောက်ရေးလုပ်ငန်းများဆွေးနွေးကြသည်။

မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မြိုင်နှင့်အဖွဲ့သည် ဇွန် ၇ ရက်က ခေါင်းဘွားအုပ်စုခတက်ရွာ၊ ဝဲလာရွာ၊ ခေါင်းဘွားကျေးရွာများမှ တောင်သူလယ်သမားများအား တွေ့ဆုံ၍ စီမံကိန်းသီးနှံအပြည့်အဝစိုက်ပျိုးရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ စာကြည့်တိုက်ဖွင့်လှစ်ရေးတို့ကို မှာကြားသည်။ ထို့နောက် ခေါင်းဘွားကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းပြီး ခေါင်းဘွားရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ်ပြန်/ဆက်)**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

တမူး ဇွန် ၂၇

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ရပ်ကွက်အလိုက် ရေထွက်ပေါက် ရေနုတ်မြောင်းများအား စစ်ဆေးခြင်း၊ စည်ပင်သာယာမြို့မဈေး ရေမြောင်းများ ရှင်းလင်းခြင်း၊ လမ်းဘေးရေမြောင်းများ ရှင်းလင်းခြင်းတို့ကို ဇွန် ၂၆ ရက်က ဆောင်ရွက်ကြသည်။

တူးဖော်

မြို့တွင်း ဗိုလ်ချုပ်လမ်းမကြီးရှိ အား/ကာ တိုက်တန်းရှေ့ရေမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြေတူးဖော်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် ဒုဦးစီးမှူး(အခွန်) ဦးလေးမော်တို့က အနီးကပ် တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောနိုင်၊ မင်းတပ်မြို့နယ် အမှုဆောင်အရာရှိ ဦးကျော်သူ၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးဝင်းကျော်တို့ မင်းတပ်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဇွန် ၁၀ ရက်က အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်
သတင်းများ

နေပြည်တော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု၏ ပညာသင်စရိတ်နှင့် ဝတ်စုံပေးအပ်ပွဲကို ဇွန် ၁၉ ရက်တွင် ကျင်းပရာ မိသားစုများ၏ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၅၀၀၀၀ နှင့် ဝန်ထမ်းများအတွက် ဝတ်စုံများကို ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဝန်ထမ်းမိသားစုဝင်တစ်ဦးအား ပေးအပ်စဉ်။ (က–ပ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးကျော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ညွှန်ကြားရေးမှူးဦးကြီးမြင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးဦးခန့်ဇော်တို့ ဇွန် ၁၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ် စိမ်းလန်းစိုပြည်ရေး ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (က–ပ)

ကွင်းဆင်းတိုင်းတာ

ဝမ်းတွင်း ဇွန် ၂၈

ဝမ်းတွင်းမြို့နယ် ထီးလှိုင်အနောက်ကျေးရွာနှင့် ရန်ကုန်–မန္တလေးကားလမ်း ဆက်သွယ်သည့် အရှည်(၆) ဖာလုံ၊ အကျယ် ပေ ၂၀ လမ်း ကိုယ့်အားကိုယ်ကိုး မြေသားလမ်း ဖောက်လုပ်ရန်အတွက် လမ်းအူကြောင်းရှာဖွေခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ဝင်းအောင်နှင့် ဝန်ထမ်းများသည် ဇွန် ၁၈ ရက် နံနက်က ကွင်းဆင်းတိုင်းတာကြသည်။

အဆိုပါ ကွင်းဆင်းတိုင်းတာရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်က အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်/စည်ပင်)**

(၃)နှစ်မြောက် မင်္ဂလာဆုတောင်း

သားကြီး **မောင်အောင်အောင်လှိုင်(ခ)အောင်အောင်** နှင့် သမီးငယ် **မချောနန္ဒာထွန်း(ခ)ချောချော** တို့၏ ၁-၇-၂၀၀၄ရက်နေ့တွင် ကျရောက်သော (၃)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်သောမိသားစုနှင့်အတူ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးကို ယခုထက်ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းလျက်။

ဖေဖေ – ဦးတင်လှိုင်
မေမေ – ဒေါ်မြင့်မြင့်စိန်နှင့် ညီမများ
မေမေ – ဒေါ်ခင်သိန်းဌေးနှင့် မမမိုး၊ မမနှင်း၊
မောင်လေး – သကြိန်ထွန်းနှင့် ညီညီထွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

အမှတ်(၉၀)၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။
Ph: (951)578470, 571038, Fax: (951)578472
E-mail-mpe.myr@mptmail.net.mm,www.myanmarpearl.com

ရက်စွဲ၊၂၀၀၄ခုနှစ် ဇွန်လ(၂၇)ရက်။

ပြည်တွင်းပုလဲရောင်းချပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို နိုင်ငံသားများအား ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်/ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က)ပုလဲများကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ဒါများပေးသွင်းခြင်း – ၂၀၀၄ခုနှစ် ဇူလိုင်လ(၇)ရက်မှ(၈)ရက်ထိ (၁၀း၀၀)နာရီမှ (၁၆း၀၀)နာရီထိ
(ခ)တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း – ၂၀၀၄ခုနှစ် ဇူလိုင်လ(၉)ရက် နံနက် (၁၀း၀၀)နာရီ
(ဂ)ပုလဲရောင်းချပွဲကျင်းပမည့်နေရာ – သီရိရတနာခန်းမ၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၉၀)၊ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့။
(ဃ)အသေးစိတ်သိရှိလိုပါက – ၅၆၂၃၅၈၊ ၅၇၁၀၃၈၊ ၅၇၈၄၇၀
ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သား (General Worker)များ လိုအပ်ပါသဖြင့် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသက်(၁၉)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။
(ခ) အခြေခံပညာအလယ်တန်း (၈)တန်းအောင်ရမည်။
(ဂ) အင်္ဂလိပ်စကား အသင့်အတင့် ပြောဆိုနိုင်ရမည်။
(ဃ) ကျန်းမာရေးကောင်းရမည်။
(င) ပြစ်မှုကင်းရှင်းရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

၂။ လုပ်သားအနေဖြင့် အောက်ပါအတိုင်း ခံစားခွင့်ရှိမည်။
(က) တစ်နေ့အလုပ်ချိန် (၈)နာရီ
(ခ) ကျွမ်းကျင်မှုကို မူတည်၍ တစ်နေ့ (၁၈)ရင်းဂစ်မှ (၃၀)ရင်းဂစ် ရရှိနိုင်မည်။
(ဂ) တစ်လအချိန်ပို နာရီ(၇၀)ရနိုင်ပြီး သာမန်နှုန်းထက် ၁ ဒဿမ ၅ဆ ရရှိမည်။
(ဃ) နယ်မှ လာရောက်လျှောက်ထားသော လုပ်သားများအတွက် အလုပ်လျှောက်ထားစဉ် အခမဲ့တည်းခိုနိုင်ရေး စီစဉ်ပေးမည်။

၃။ဝန်ဆောင်ခမှာ၆ ဒဿမ ၅သိန်းခွဲဖြစ်ပါသည်။ အသေးစိတ်သိလိုက ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်၊ အမှတ်–၁၁၁၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၆၄၂၄၇၃၊ ၆၄၂၉၀၂၊ Fax– ၆၄၂၉၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝါးချက်ဗိုဝိတဒါန သံဃာ့ဆေးရုံ စစ်ကိုင်းတောင်ရိုး

ကျစ္စာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ လက္ခဏာ၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဂျက်(ဖ်)ကွန်း အဖွဲ့သည် ၂၆-၆-၂၀၀၄ရက်မှ ၈-၇-၂၀၀၄ရက်အထိ မျက်စိဝေဒနာရှင်များကို အထူးအစီအစဉ်အနေဖြင့် ခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်။

ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့
ဖုန်း ၀၇၂-၂၂၀၃၄၊ ၀၇၂-၂၁၅၄၁၊ ၀၇၂-၂၁၉၆၉၊ ၀၇၂-၂၁၃၁၅၊ ၀၇၂-၂၁၂၃၀။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ခင်ပွန်း ကိုခင်မောင်ဌေး

ကိုကြီးရဲ့ ၁-၇-၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှ သက်ဆုံးတိုင်အောင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းကို အစဉ်ထာဝရ ခံစားနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်။

ကိုကြီးရဲ့
ချစ်ဇနီး –မဇင်မင်းထိုက်။

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ အသက် ၁၅နှစ်မှ ၂၄နှစ်အတွင်း လူငယ်များအတွက် **"အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ ဉာဏ်ရည်ပြိုင်ပွဲ"** ကို **"လူငယ်စွမ်းအားပိုမြင့်မား၊ တားဆီးတိုက်ဖျက် အေအိုင်ဒီအက်စ် (Youth: Smarter than AIDS)"** ခေါင်းစဉ်ဖြင့် **ဇူလိုင်လ ၁၀ရက် (စနေနေ့)** နှင့် **၁၁ရက် (တနင်္ဂနွေနေ့)**များတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ် ရှစ်သောင်း၊ တတိယဆု ကျပ် ငါးသောင်းနှင့် နှစ်သိမ့်ဆု ၃ဆု ကျပ်သုံးသောင်းစီကို ချီးမြှင့်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ လူငယ်များသည် **ဇူလိုင်လ ၃ရက်(စနေနေ့)** နံနက် ၁၀နာရီမှ ညနေ ၃နာရီအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်းတွင် မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) ကျောင်းသားကတ်ပြားပြ၍ စာရင်းသွင်းနိုင်ပါသည်။ ပြိုင်ပွဲဝင်ဦးရေ ၁၀၀ဦးသာ လက်ခံမည်ဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ဖုန်း–၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၀၉၈၀–၂၁၈၀၂၊ ၀၉၅၀–၀၆၁၃၅)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ Site Engineer ကျား (၃)ဦး
B.E (or) A.G.T.I (Civil)
၂။ B.Q ကျွမ်းကျင်သူ ကျား (၁)ဦး
(AutoCad,Excel ကျွမ်းကျင်ရမည်။)
၃။ Designer
B.E (or) A.G.T.I (Civil) ကျား (၁)ဦး
(Interior Decoration ကို စိတ်ပါဝင်စားပြီး AutoCad, Excel ကျွမ်းကျင်ရမည်။)
၄။ B.E (or) A.G.T.I (M.T/M.P) ကျား (၁)ဦး
(စက်ပိုင်းဆိုင်ရာ AutoCad ကျွမ်းကျင်သူဖြစ်ရမည်။)
၅။ Marketing ကျား (၁)ဦး
(စက်ပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ)
၆။ Argon Welder ကျား (၁)ဦး

လျှောက်ထားလိုသူများသည် ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးပါမည်။

အမှတ်(၆၆)၊ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

U Khin Maung Myint (Managing Director)
United Vision General Trading Co.,Ltd.

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဗားဂရာတောရလမ်း၊ အမှတ်(၁)နေ ဒေါ်ကျင်မြ[၁၀/မဒန(နိုင်) ၁၁၇၆၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဒေါ်ကျင်မြသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် စက်ဘီးနှင့်စက်ဘီးအပိုပစ္စည်းများကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက်အဝေးပြေးဝင်း၊ ဆိုင်ကြီးတန်း၊ အမှတ်–ခ–၁၀/၁၁၊ ဖက်ဇန့်စက်ဘီးအရောင်းပြခန်း(Pheasant Bicycle Show Room) မှ မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မှတ်ပုံတင်အမှတ်–IV/၃၁၃၃(၂၀၀၄)

မှတ်ပုံတင်အမှတ်–IV/၃၁၃၄(၂၀၀၄)

မှတ်ပုံတင်အမှတ်–IV/၃၁၃၅(၂၀၀၄)

မှတ်ပုံတင်အမှတ်–IV/၃၁၃၆(၂၀၀၄)

မှတ်ပုံတင်အမှတ်–IV/၃၁၃၇(၂၀၀၄)

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်ကို ဆင်တူတုပ၍ဖြစ်စေ၊ ပုံတူကူး၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES
(Law Firm)
အမှတ်–၃၀(ပထမထပ်)၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁)၂၉၆၁၃၂၊ ၂၉၈၅၄၁။

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
542311 09-5002003

Yan Aung
(၂၄-နာရီ)ဝန်ဆောင်မှု
256790, 380291
242967



NEW CAMPUS
Child Care & Language Centre

မူကြို
(၂ နှစ်ခွဲ မှ ၅ နှစ်)
* English Speaking
* အခြေခံဘာသာရပ်အားလုံး
* ဥပုသ် နေ့မှ ၃ နှစ်ထိ ကျောင်းကားရှိသည်။

မူလတန်း။ အလယ်တန်း
(၆ နှစ် မှ ၁၄ နှစ်)
* English Speaking
* Grammar
* စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်း (August စမည်)

ကျောင်းအပ်လက်ခံနေပြီ
အမှတ် (၂၈)၊ ဝေဘာဝမ်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။
ဖုန်း–၅၆၆၆၁၄၅၊ ၅၆၄၅၅၈၊ ၀၉–၅၁၂၀၈၁

"VICTORIA HYPER MART"

ပစ်တိုးရီးယား ကုန်တိုက် EXCEL SHOPPING MALL

BASEMENT တွင် စတင်ဖွင့်လှစ် ရောင်းချပေးနေပါပြီ....

နေ့စဉ်နံနက် (၉:၀၀) နာရီမှ ည (၉:၀၀) နာရီအထိ မိတ်ရက်မရှိ ဝယ်ယူအားပေးသူ မိတ်ဆွေကောင်းမိတ်သစ်များကို ကြိုဆိုလျက်ပါ။

အမှတ် (၅၂၀)၊ ကမ္ဘာအေးဘုရားလမ်းနှင့်၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။ အလုပ်လျှောက်လိုသူများ စုံစမ်းနိုင်သည်။
Tel : 703778 , 704059 , 559377 ~ Ext : 6171
Fax : 559648 E-mail : vic_fancy@yahoo.com

အခြေခံပညာ အလယ်တန်း၊ အထက်တန်း၊ စာသင်သားများအတွက်
Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အောဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ် ဇူလိုင်လအစမှ စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူလိုင်လမှ ဒီဇင်ဘာလအထိ(၆)လတာ ကာလအတွင်း အလယ်တန်း (...) အတွက် တစ်စောင်၊ အထက်တန်း(...)အတွက် တစ်စောင်၊ တစ်လလျှင်တစ်ကြိမ် နှုန်းဖြင့် (၆)ကြိမ် ပုံမှန်ထုတ်ဝေပါမည်။ ... တစ်စောင်လျှင် ... ကျပ် ... နှုန်းဖြင့် နယူးလိုက်အောဖ်မြန်မာ သတင်းစာတိုက်၊ ... အမှတ် ၂၂/၃၀ ... ရန်ကုန်မြို့ ဖုန်း ၂၉၀၀၉၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

အခြေခံပညာ အထက်တန်း စာမေးပွဲ/ အောင်မြင် ပြီးသူများ၊ ဘွဲ့ရပြီးသူများ၊ အလုပ်ခွင်ဝင်ရောက်နေသူများ အတွက်
ကွန်ပျူတာ/ အင်္ဂလိပ်စာ / LCCI သင်တန်းများ တက်ရောက်နိုင်ပါပြီ။
MCC STANDARD
၆၈၈၊ သစ္စာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်။
☎ ၅၇၈၆၅၃၊ ၅၆၀၀၄၅၊ ၅၇၀၈၃၅

ရေပေးဝေရေး ... ကြေငြာ
...

(၁) ဦးအောင်နိုင်ဝေ ...
အမှတ်(...) ... လမ်း ...
(၂) ဦး... ဦး...
အမှတ် (၆၈) ...
(၃) ဦးဝင်းအောင် (အဘ–ဦး...အောင်)
အမှတ်(၁၂) ...

ဇော်ဂျီးဆောင်ရွက်ရည် ဖွံ့ဖြိုးမှုသင်တန်း ဖွင့်မည်
...
သင်တန်းကာလ၊ သင်တန်းချိန် နှင့် သင်တန်းစမည့်ရက်
၃ လ (Mon & Tue 6:00 - 7:30 p.m.) 05 - July - 04
MENTOR LMC
၁၁၇ (၃လွှာ...)၊ ၄၆(အထက်)လမ်း၊ ဖုန်း ၂၉၁၀၄၅

စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်စာသင်တန်း
ကြာသပတေး၊ သောကြာ တန်းခွဲ ...
စနေ၊တနင်္ဂနွေ တန်းခွဲ ...
MENTOR BMC
၁၁၇ (၃လွှာ...)၊ ၄၆(အထက်)လမ်း၊ ဖုန်း ၂၉၁၀၄၅

202
ကိုယ်ကာယအလှ နှင့် ကြံ့ခိုင်မှုလေ့ကျင့်ရေးသင်တန်း
